mgyoe.com SAMPLE BOOK

# မြန်မာတို့ဂီတစာပေ

## သဘင်မှု အနုပညာ စာပေဆောင်းပါးများ

ဒုတိယအကြိမ်



mgyoe.com

ရှာစား စိန်တင်ဟန်

mgyoe.com SAMPLE BOOK

STH 3000 Ks

9 248480 494532

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ရှာစား စိန်တင်ဟန်၏ 'မြန်မာတို့ဇာတ်ပွဲ' ဆောင်း ပါးပေါင်းချုပ်သည် အနုပညာလောက၊ စာပေလောကအတွက် တန်ဖိုး ရှိလှသည့် ကြယ်ပွင့်များ ဖြစ်သည်။ ဤကြယ်ပွင့်ကလေးများသည် မြန်မာ့ ဇာတ်သဘင်လောက၊ မြန်မာ့ ဆိုင်းလောကအတွက် ထာဝရ လင်းလက် တောက်ပနေပေလိမ့်မည်။

**နတ်မောက်ထွန်းရှိန်**

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး – ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၃၀၈

# မြန်မာတို့ဇာတ်ပွဲ

## သဘင်မှု အနုပညာ စာပေ ဆောင်းပါးများ

## ရွှာတား စိန်တင်ဟန်

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၅ ၄၈ ၄၈ ၀၄၈
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

မြန်မာတို့ဇာတ်ပွဲ
ရှာစား စိန်တင်ဟန်
ဒုတိယအကြိမ်၊ နိုဝင်ဘာ၊ ၂၀၁၈။
(နှစ်ကာလများစာပေ)
ပထမအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၁၁။
(ထန်းရွက်ပုတီး စာအုပ်တိုက်)
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၃၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ** သရဖီ။ **မျက်နှာဖုံး** ဘငွေးကြည်။ **စာအုပ်ချုပ်** ရွှေသမီး။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- စာရေးသူ၏ အတ္ထုပ္ပတ္တိ အကျဉ်း ၇
- လက်က မချနိုင်သော စာအုပ်တစ်အုပ် ၉
၁။ အမျိုးသား ဂီတ ၁၅
၂။ ဆိုင်းဆင့် ၂၀
၃။ ပတ်စာရေစာ ၂၇
၄။ ကျွန်တော် ဦးဟံပ ၃၃
၅။ အငြိမ့် ၄၉
၆။ မြင်းခင်းသဘင် ၆၃
၇။ ဆိုင်းပြိုင် ၆၇
၈။ ၂ ပေါက်ဝဲ ၆ ပေါက်ဝဲ ၈၀
၉။ မမိ ၈၄
၁၀။ အောင်သံမြေမိုး ၉၄
၁၁။ ဇီးကွက်ရုပ် ၁၀၆
၁၂။ မြန်မာတို့ဇာတ်ပွဲ ၁၁၄
၁၃။ လထွက်ကလေးရယ်တဲ့ ၁၂၂
၁၄။ မင်းကြီးဒေါင်း ၁၂၉


mgyoe.com

mgyoe.com SAMPLE BOOK

၁၅။ သီချင်းရေးဆရာ ၁၄၂
၁၆။ ထူးမခြားနား ၁၄၉
၁၇။ ဘိသိက်ဆရာ ဆားတောင်သောင်း ၁၅၄
၁၈။ အဲဒီတုန်းက ၁၇၁
၁၉။ မုန်လာဥ ၁၈၉
၂၀။ ဆီးသီးပုံလေး ၁၉၅
၂၁။ မန္တလေးမြို့မှ မြန်မာဆိုင်းဆရာကြီးများ ၂၀၈

mgyoe.com

mgyoe.com SAMPLE BOOK

# ရွှာစားစိန်တင်ဟန် (၁၉၃၂-၂၀၀၄)

အဖ ဦးဖိုးသစ်၊ အမိ ဒေါ်မြမှုံတို့မှ ၁၉၃၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် မြင်းခြံမြို့နယ်၊ စွန်းလွန်းရွာတွင် မွေးဖွား၊ ငယ်နာမည် မောင်ကိုလေး။ ၁၉၄၂ ခုနှစ်တွင် အစ်ကိုဖြစ်သူ စိန်လှမောင်က မန္တလေးသို့ ခေါ်ယူ၍ ဆိုင်း ပညာ သင်ပေးခဲ့။ ၁၉၅၃ ခုနှစ်တွင် ဆိုင်းဝိုင်းတော်တီး ဖြစ်ခဲ့။ ၁၉၅၄ ခုနှစ်တွင် ဆရာကြီး စိန်ဗေဒါ၏ ဆိုင်းကို ဆက်လက် ခေါင်းဆောင် တီးမှုတ်ခဲ့။ ၁၉၆၁ ခုနှစ်၊ ဇန်နဝါ ရီလတွင် ဒေါ်စိန်တင်နှင့် အိမ်ထောင်ကျခဲ့ပြီး ကိုယ်ပိုင်ဆိုင်း တည်ထောင်ခဲ့။ လက်ဦးဆရာများမှာ ဦးစိန်ကျော်တင့်၊ ဦးစိန်ငှက်ရိုး၊ မြန်မာညွန့် ဦးချစ်မောင်၊ ဦးဘကလေး၊ ဦး ဟန်ပတို့ ဖြစ်။ အေဝမ်းဆရာညာ၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ ဆရာတင်၊ နန်းတော်တောင် ဆရာခင်၊ ဦးဘလှိုင်၊ မြန်မာ ညွန့် ဆရာတင်တို့ထံ၌လည်း သီချင်းရေးစပ်နည်း ပညာ များ သင်ယူခဲ့။ ၁၉၈၃ ခုနှစ်များမှ စတင်ကာ ယဉ်ကျေးမှု အနုပညာဆိုင်ရာ ဆောင်းပါးများကို မဂ္ဂဇင်းများတွင် ရေး သားလာခဲ့။ မြန်မာစာကော်မရှင် အဖွဲ့ဝင်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပညာရေး ကောင်စီဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ကဇာတ်ဌာနခွဲ (မန္တလေး) ဂီတ အကြံပေးပုဂ္ဂိုလ်၊ မြန်မာ နိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဗဟိုကော်မတီဝင် စသည့် တာဝန်များ ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# လက်က မချနိုင်သော စာအုပ်တစ်အုပ်

ရွှာစား စိန်တင်ဟန်၏ 'မြန်မာတို့ဇာတ်ပွဲ' ဆောင်းပါးပေါင်းချုပ် စာအုပ်အတွက် အမှာစာ ရေးပေးပါရန် ရွှာစား စိန်တင်ဟန်၏ သားငယ် ဖြစ်သူ လုပ်ဖော်ကိုင်ဖက် စာရေးဆရာ၊ ကဗျာဆရာ နေမျိုးက စာမူကြမ်း တစ်ကော်ပီ ပေးအပ်လာသည်။ ဆရာ့အတွက် ကျေးဇူးဆပ် ရေးပေးရ တာပေါ့ဗျာဟု ပြောလိုက်ရပြီး အလုပ်တွေ များနေသောကြောင့် ချက်ချင်း ကောက်မဖတ်မိ။ လေးငါးရက်အတွင်း ရေးပေးပါမည်ဟု ကတိပေးလိုက် သည့်အတွက် ခေါင်းထဲထည့်ကာ စာမူကြမ်းကို လှန်လိုက်သည်။ ကွန် ပျူတာဖြင့် ရိုက်ပြီးဖြစ်၍ စာအုပ်ဖတ်ရသကဲ့သို့ အဆင်ပြေလှသည်။

'မြန်မာတို့ဇာတ်ပွဲ' ဆိုသည်နှင့် ဆရာ ရွှာစား စိန်တင်ဟန်၏ မဂ္ဂဇင်း၊ ဂျာနယ်များမှာ ပါပြီး ဆောင်းပါးများဟု သတိပြုမိလိုက်သည်။ ဖတ်ရင်း ဖတ်ရင်းနှင့် မြန်မာတို့ဇာတ်ပွဲ ဆောင်းပါးများကို လက်က မချ နိုင်တော့ပါ။ ဆက်ဖတ်နေမိရာ ဆောင်းပါး ၂၁ တစ်ပုဒ်လုံး အားပါးတရ ဖတ်ပြီးသွားသည်။ စာရေးသူ ဖတ်မိပြီး ဆောင်းပါးအချို့ ပါသော်လည်း ထပ်ဖတ်လိုက်ရသဖြင့် စိတ်ထဲ အားရကျေနပ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ စိန်တင်ဟန်၏ အရေးအသားနှင့် ဆိုင်း၊ ဇာတ်၊ အငြိမ့် လောကမှ ကိုယ်တွေ့ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ် ရေးပြထားသည်။ ပါဝင်သော ဆောင်းပါးခေါင်းစဉ်များမှာ (၁) အမျိုးသားဂီတ၊ (၂) ဆိုင်းဆင့်၊ (၃) ပတ်စာရေစာ၊ (၄) ကျွန်တော် ဦးဟန်ပ၊ (၅) အငြိမ့်၊ (၆) မြင်းခင်းသဘင်၊ (၇) ဆိုင်းပြိုင်၊ (၈) ၂ ပေါက်ဝဲ ၆ ပေါက်ဝဲ၊ (၉) မမိ၊ (၁၀) အောင်သံမြေမိုး၊ (၁၁) ဖိုးကွက်ရုပ်၊ (၁၂) မြန်မာတို့ဇာတ်ပွဲ၊ (၁၃) လထွက်ကလေးရယ်တဲ့၊ (၁၄) မင်းကြီးဒေါင်း၊ (၁၅) သီချင်းရေးဆရာ၊ (၁၆) ထူးမခြားနား၊ (၁၇) ဘိသိက်ဆရာ ဆားတောင်သောင်း၊ (၁၈) အဲဒီတုန်းက၊ (၁၉) မုန်လာဥ၊ (၂၀) ဆီးသီးပုံလေး၊ (၂၁) မန္တလေးမြို့မှ မြန်မာဆိုင်းဆရာကြီးများ ဖြစ်သည်။

စိန်တင်ဟန်သည် အနုပညာရှင် ပီသသည်။ ဆိုင်းပညာ၊ စောင်းပညာသာမက သီချင်းရေးရာတွင်လည်း ထင်ရှားသော သီချင်းရေးဆရာတစ်ယောက် ဖြစ်သည်။ မန္တလေး ဇာတ်သဘင်လောက၊ အငြိမ့်လောကတွင် ကျင်လည်သူ ဆရာတစ်ယောက် ဖြစ်ရုံသာမက လူချစ်လူခင် ပေါများလှသည်။ ဆရာ စိန်တင်ဟန်နှင့် ဤစာရေးသူ နောက်ဆုံး တွေ့ခဲ့သည့်နေရာမှာ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) တွင် ဖြစ်သည်။ ဆရာက ဆိုင်းပညာနှင့်ပတ်သက်၍ ပညာရှင်အဖြစ် အစည်းအဝေးများတက်၊ အကြံပေး ဆောင်ရွက်ခဲ့ရသော အကြံပေးပညာရှင် တာဝန်ယူခဲ့သလို ဤစာရေးသူကလည်း လျှပ်တစ်ပြက်မျှ ပါဝင်ဆောင်ရွက်ခဲ့ရာ မြန်မာစာနှင့် ပတ်သက်၍ နှစ်ပိုင်းမျှ ဆောင်ရွက်ခဲ့ဖူးစဉ်က ဖြစ်သည်။ နောက်တော့ဆက်မဆောင်ရွက်ဖြစ်။ ဆရာနှင့်လည်း အတွေ့ကျဲသွားရာ ဆရာ ဆုံးပါးသွားကြောင်း နာရေးဖတ်ရမှ ဝမ်းနည်း နှမြောမဆုံး ခံစားလိုက်ရသည်။

ဆရာ စိန်တင်ဟန်နှင့် စာရေးသူတို့ကား သတင်းစာသမားနှင့် ဇာတ်သဘင် အနုပညာရှင်များ အမြဲ တွေ့ဆုံရတတ်သလို နှစ်ပေါင်း ၄၀ ကျော်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြသည်။ ၁၉၈၀ ဝန်းကျင်တွင် ဤစာရေးသူ၏ 'သူတို့တေး၊ သူတို့ဘဝ၊ သူတို့အနုပညာ' စာအုပ်အတွက် အနုပညာရှင်များနှင့် တွေ့ဆုံလေ့လာ ရေးသားခဲ့စဉ်က ဆရာ စိန်တင်ဟန်၏ ပြောပြချက်များ အကူအညီများစွာ ရရှိခဲ့သည်။ ဆရာထာ၊ ဆရာညွှာ



mgyoe.com

mgyoe.com SAMPLE BOOK

တို့အတွက် တွေ့ဆုံမေးမြန်းခဲ့သည်။ အဓေဝမ်းဆရာညွှာအတွက် အများဆုံး ရှင်းလင်း ပြောပြနိုင်သူ ဖြစ်သည်။ ဆရာညွှာ့သမီး ဒေါ်တင်အုန်းထက် ဆရာ စိန်တင်ဟန်ထံမှ အချက်အလက်များ ပိုမိုရရှိခဲ့သည်။ ထိုစဉ်က စိန်တင်ဟန်သည် ၃၄ လမ်း၊ ဖားသားလဖုန်းကျောင်း အနောက်ဘက်တွင် နေသည်ကို သွားရောက်တွေ့ဆုံခဲ့သည်။ ထိုအချိန်က ဆရာနေမျိုးကား ချာတိတ် ရှိသေးသည်။

ရွာစား စိန်တင်ဟန်သည် ပျော်ပျော်ရွှင်ရွှင်လည်း နေတတ်သည်။ ပွဲလမ်းသဘင် အခမ်းအနားများသို့လည်း တက်ရောက်လေ့ရှိသဖြင့် စာရေးသူတို့နှင့် မကြာခဏ ဆုံကြသည်။ ဆရာသည် စာရေးဆရာ၊ ဆိုင်းဆရာ အနုပညာရှင်ဖြစ်သလို စာပေသမားများနှင့်လည်း အရောတဝင်နေသည်။ စာရေးဆရာများအတွက် ကူညီလေ့ ရှိသည်။ ယခုဆောင်းပါးများတွင် မန္တလေး စာဆိုပွဲ ဝင်နွှဲခဲ့ပုံကို ရေးဖွဲ့ထားရာ မှတ်သားလောက်ပါသည်။ 'ကျွန်တော် ဦးဟန်ပ' ဆောင်းပါးမှာ ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က ဖြစ်သည်။

*တစ်ခါက ကျွန်တော်တို့ မန္တလေးမှာ စာဆိုတော်နေ့ပွဲ လုပ်ကြသည်။ နေရာက မြို့တော်ခန်းမ ၁ ဖြစ်သည်။ ကျွန်တော် ဆိုင်းတီးရသည်။ သက်ရှိထင်ရှား စာဆိုကြီးရဲ့ အတ္ထုပ္ပတ္တိကို စာရေးဆရာများက ကပြကြခြင်း ဖြစ်သည်။ သဘောတူပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အတ္ထုပ္ပတ္တိကို ကပြကြသည်။ ဆရာကြီးဒေါက်တာဦးဘသန်းတို့၊ ဆရာကြီး ရွှေပြည်ဦးဘတင်တို့၊ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာဇဝနတို့ပါ ဝိုင်းဝန်း ကြိုးပမ်းကြသည်။ အဲဒီမှာ ရုပ်ရှင်ဒါရိုက်တာ ဦးသုခက ဘဝသံသရာ သီချင်းကို အဓိပ္ပာယ်ပြန် စကားတွေညှပ်ပြီး ဆိုပြသည်။*

'ကျွန်တော် ဦးဟန်ပ' ဆောင်းပါးမှာ ကြေးတီးဆရာ စိန်တင်ဟန်က ဦးဟန်ပ အတုလုပ် တီးခဲ့ပုံကို စိတ်ဝင်စားဖွယ် ရေးပြသွားခြင်း ဖြစ်သည်။

'အငြိမ့်' ဆောင်းပါးမှာလည်း တီးလုံးတီးကွက်တွေ၊ အဆစ်တွေ အငြိမ့်ပွဲမှာ အရေးကြီးပုံကို တင်ပြထားသဖြင့် မှတ်သားဖွယ် ဆောင်းပါး



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ အုပ်စုံတီးသမားအဖို့ အငြိမ့်မှာ အရေးကြီးပုံ ရေးပြထားသည်။ အငြိမ့် ဆောင်းပါးထဲတွင် စန္ဒရားဆရာ ဦးဘသိန်းအကြောင်းလည်း မိတ်ဆက်ပေးထားသည်။ စန္ဒရားဆရာ ဦးဘသိန်းမှာ သီချင်းရေးသည့် ဂီတာဦးဘသိန်း မဟုတ်ကြောင်း ရှင်းပြထားသည်။ စန္ဒရား ဦးဘသိန်းမှာ အငြိမ့်ထောင်ဆရာ ဖြစ်သည်။ စန္ဒရား ဦးဘသိန်း အတီးကောင်းတာက စန္ဒရား မဟုတ်ကြောင်း၊ ပတ္တလား အတီးကောင်းသူဖြစ်သည်ဟု ဆရာ စိန်တင်ဟန်က ရှင်းပြထားသည်။

စာရေးသူ အကြိုက်ဆုံး ဆောင်းပါးမှာ 'ဘိသိက်ဆရာ ဆားတောင် သောင်း' ဖြစ်သည်။ ဝတ္ထုရှည်ကြီးတစ်ပုဒ် ဖတ်ရသကဲ့သို့ ဖတ်ရသည် မှ ဆွဲဆောင်မှု ရှိလှသည်။ အညာအလှူတစ်ခုတွင် ဘိသိက်ဆရာ နှစ်ဦး ဘိသိက်ပြိုင်ကြပုံကို ကိုယ်တွေ့ ရေးပြထားခြင်း ဖြစ်သည်။ ရွာစား စိန်တင်ဟန်၏ စာရေးကောင်းပုံကိုလည်း ဤဆောင်းပါး (ဝတ္ထုဆောင်းပါး) တွင် လေ့လာနိုင်ပါသည်။ တကယ့်အဖြစ်အပျက် ဖြစ်ရာ မကြာမီက ဗီဒီယိုဇာတ်ကားပင် ရိုက်ကူးနေကြောင်း ကြားလိုက်ရသည်။ ထို့အတူ 'မမိ' ဆိုသည့် ဆောင်းပါးကလည်း ဝတ္ထုတစ်ပုဒ် အရသာလို ခံစား ဖတ်ရှုရမည် ဖြစ်သည်။ မမိမှာ အငြိမ့်မင်းသမီး ဖြစ်သည်။ စန္ဒရား ဦးဘသိန်း အငြိမ့်မှ ခေါင်းဆောင်မင်းသမီးဖြစ်ရာ ဆိုင်းဆရာ ရွာစားစိန်တင်ဟန် ၏ အတွေ့အကြုံနှင့် ရောမွှေထားသည်။

'မန္တလေးမြို့မှ မြန်မာဆိုင်းဆရာများ' ဆောင်းပါးမှာလည်း ရွာစား ကြီး စိန်ဗေဒါမှအစ ထင်ရှားကျော်ကြားသော ဆိုင်းပညာရှင်များအကြောင်း မှတ်တမ်းတင်ထားရာ တန်ဖိုးရှိလှပါသည်။ မြန်မာတို့၏ဇာတ်ပွဲ ဆောင်း ပါးများတွင် စိန်ဗေဒါ၊ ဆရာစိမ့်၊ စိန်ဘညို၊ ဦးဟန်ပ၊ စိန်ဘမောင်၊ စိန်ကျော်တင့်၊ စိန်မောင်ကိုကြီး၊ စိန်နက်ကြီးတို့မှ အစ နန်းတော်ရှေ့ ဆရာတင်၊ မြို့မငြိမ်း၊ နန်းတော်တောင် ဆရာခင်၊ အေဝမ်း ဆရာညှာ၊ ဆရာထာ၊ ရွှေမန်းတင်မောင်တို့နှင့် တွေ့ထိ ဆက်ဆံခဲ့ရပုံများကိုလည်း မြန်မာတို့ဇာတ်ပွဲတွင် တွေ့ရပါလိမ့်မည်။

ချုံ့ရသော် ရွာစား စိန်တင်ဟန်၏ 'မြန်မာတို့ဇာတ်ပွဲ' ဆောင်း ပါးပေါင်းချုပ်သည် အနုပညာလောက၊ စာပေလောကအတွက် တန်ဖိုး



mgyoe.com

mgyoe.com SAMPLE BOOK

ရှိလှသည့် ကြယ်ပွင့်များ ဖြစ်သည်။ ဤကြယ်ပွင့်ကလေးများသည် မြန်မာ့ ဇာတ်သဘင်လောက၊ မြန်မာ့ ဆိုင်းလောကအတွက် ထာဝရ လင်းလက် တောက်ပနေပေလိမ့်မည်။ 'ထန်းရွက်ပုတီး'စာအုပ်တိုက်မှ ထုတ်ဝေခြင်းဖြစ်၍ ထန်းရွက်ပုတီးဆိုလျှင် ရွာစား စိန်တင်ဟန်ကို သတိရကြပေရာ ထန်းရွက်ပုတီး ခံစားမှု၊ ဖြစ်ပေါ်မှု ဆောင်းပါး ပါဝင်ဖို့ လိုအပ်နေသည် ဟု ခံစားမိရသည်။ 'ထန်းရွက်ပုတီး' သီချင်းစာသားနှင့် ဆောင်းပါး ပါလျှင် 'မြန်မာတို့ဇာတ်ပွဲ'သည် ပို၍ ကြွတက်လာပေမည်။ ဆောင်းပါး တစ်ပုဒ်ချင်းစီ၏ ပါဝင်ခဲ့သည့် မဂ္ဂဇင်းများ၊ ဂျာနယ်များ အမည် ပါဝင်ပါကလည်း ပို၍ သမိုင်းဝင်ပေလိမ့်မည်။ စာချစ်သူတို့ ဖတ်ရှု သိမ်းဆည်းထားသင့်သည့် အနုပညာ စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းလိုသည်။

**နတ်မောက်ထွန်းရှိန်**

၂၉၊ ၁၀၊ ၂၀၀၉၊ ည ၁၂ း ၃၀

မန္တလေးမြို့။

(ပထမအကြိမ် ထုတ်ဝေခြင်း ... မှ)



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အမျိုးသားဂိတ

နိုင်ငံတကာ ဆက်ဆံရေးမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ယခင်က မဆက်သွယ်ဖူးခဲ့၍ ယခု စတင်ဆက်သွယ်တော့မည် ဖြစ်စေ၊ ဒါမှမဟုတ် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စစ်ရေးအရ၊ နိုင်ငံရေးအရ တင်းမာနေကြတယ်။ သို့သော် ဒီလို တင်းမာနေတာကို နှစ်နိုင်ငံလုံးက မလိုလားဘူး။ ပြန်လည် ပြီး သင့်တင့်ငြိမ်းချမ်းစွာ ဆက်ဆံလိုတယ် ဆိုရင်တော့ ပထမဆုံး ယဉ် ကျေးမှုအဖွဲ့ တစ်ဖွဲ့ကို စတင်ပြီး စေလွှတ်ကြတော့တာပါပဲ။ ဒီလို စတင် စေလွှတ်လိုက်တဲ့ အခြေအနေက အစ နောက်တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ချစ် ကြည် ရင်းနှီးစွာ ဆက်သွယ် ဆက်ဆံနေထိုင်ပြီး လာကြတာ တွေ့ရတတ် ပါတယ်။ ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ကို စေလွှတ်တယ် ဆိုတာ တကယ်တော့ အလွန်သိမ်မွေ့နက်နဲပါတယ်။ ဒီအဖွဲ့ဟာ မိမိတို့ရဲ့ နိုင်ငံတော်ကို ကိုယ် စားပြု သွားကြရမည့်သူများ ဖြစ်လေတော့ သူတို့ တင်ပြမည့် အကြောင်း အရာတွေဟာ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ ယဉ်ကျေးမှု အကြောင်း အရာတွေပဲ ဖြစ်တယ်။ နိုင်ငံတော်ရဲ့ အကြောင်းအကျိုးတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကို လွတ်လပ်ရေးရပြီးတဲ့ ဒီဘက် နောက်ပိုင်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံ တော်တော်များများက ယဉ်ကျေးမှုအဖွဲ့တွေ လာပါတယ်။ ကျွန်တော်တို့ နိုင်ငံကလည်း နိုင်ငံ တော်တော်များများကို ယဉ်ကျေးမှု အဖွဲ့တွေ စေလွှတ်ခဲ့ပါတယ်။

ဒီလို စေလွှတ်တော့မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံကလည်း ရှိတာတွေ တိုက်ဟယ်ချွတ်ဟယ် လုပ်ရပါတယ်။ ကိုယ့်နိုင်ငံ ကိုယ်မှ မမြတ်နိုးရင်၊ ကိုယ့်ယဉ်ကျေးမှုကိုမှ ကိုယ် မမြတ်နိုးရင်၊ ဘယ်သူက လာပြီး တန်ဖိုးထားဦးမှာလဲ။ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးတယ်ဆိုတာ နိုင်ငံတော်ကို မြတ်နိုးတာနဲ့ အတူတူပါပဲ။ နိုင်ငံတော်ကို ချစ်တယ်ဆိုတာ ဘိုးဘေးဘီဘင်က စပြီး ဆင်းသက်လာတဲ့၊ မွန်မြတ်တဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ အများကြီးပါ။ ဒါတွေကို မြတ်နိုးတတ်ရမယ်၊ ချစ်တတ်ရမယ်။ ယဉ်ကျေးမှုကဏ္ဍ အသီးသီးအနက်က တစ်ခုဖြစ်တဲ့ အမျိုးသားဂီတအပိုင်းကို ကျွန်တော် အနည်းအကျဉ်း ဆွေးနွေးလိုပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသား လုပ်သားပြည်သူများက အာဏာပိုင်စိုးတဲ့ နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အာဏာပိုင်စိုးမှုကို အခြေခံဖြစ်တဲ့ တိုင်းရင်းသား လုပ်သားပြည်သူများရဲ့ အမျိုးဂုဏ်သိက္ခာကို ညှိုးနွမ်းစေတဲ့ နိုင်ငံခြား အတုယူမှုတွေကို လူကြီးလူငယ်များ အားလုံးက နေရာမပေးသင့်ပါဘူး။ ဦးစားမပေးသင့်ပါဘူး။ စင်မတင်သင့်ပါဘူး။ နိုင်ငံခြား အတုယူပြီး တီးကြ၊ မှုတ်ကြ၊ သုံးကြ၊ ဖွဲ့ကြတာတွေဟာ အလွန် ရှက်ဖို့ကောင်းပါတယ်။

ခေတ်ဟာ အလွန်တိုးတက်နေတယ်။ ဒီနေ့ကမ္ဘာကြီးပင် အတော်ကလေး ကျဉ်းနေပါပြီ။ အလွန် ခရီးဝေးကွာလှတဲ့ နိုင်ငံခြား တိုင်းပြည်များကိုပင် မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရတဲ့ ဂြိုဟ်တုက ပေးပို့တဲ့ သတင်းရုပ်ပုံလွှာတွေ၊ အကြောင်းအရာတွေကို မိမိတို့ အိမ်ထဲ၊ ရပ်ကွက်ထဲကပင် ကြည့်မြင်နိုင်ပါတယ်။

ဒါဟာ ခေတ်ရဲ့ စက်မှုလက်မှုတွေ တိုးတက်လာတဲ့ အခြေအနေတွေကို ဖော်ပြနေတာပါ။ ဒီလို တိုးတက်တာတွေဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာကို မြင့်မားစေချင်လွန်းတဲ့ လူတွေက ကြိုးစားတဲ့ အခါမှာ ဖြစ်ပေါ်လာတဲ့ အကြောင်းတွေပဲ။ ကျွန်တော်တို့လည်း ဒီလို

mgyoe.com

mgyoe.com SAMPLE BOOK

ကြိုးစားကြရမှာပဲ။ ကိုယ့်တာဝန်နဲ့၊ ကိုယ့်ဘက်နဲ့ ကိုယ် ဝိုင်းဝန်းပြီးတော့ စုပေါင်း ကြိုးစားကြရမှာပဲ။ ကိုယ့် ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်း စောင့်ရှောက်တာနဲ့ ခေတ်နောက်ကျမသွားပါဘူး။ တိုးတက်လာနေတာ နဲ့က အပိုင်းတစ်ပိုင်းစီပါ။

အမျိုးသားဂီတဆိုတာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကို လွှမ်းခြုံကြည့်မှ ပိုမှန်မယ်။ လျှပ်စစ်ဂစ်တာတို့၊ အော်ဂင်တို့၊ ဂျပ်စ်တို့ ထက် ကျွန်တော်တို့ ဖားစည်၊ ပတ်မကြီး၊ ရှမ်းအိုးစည်၊ ဓနအိုးစည်၊ မွန် ကြေးကောက်၊ မိကျောင်း တူရိယာတို့နဲ့ ဝါးပတ္တလား၊ ပလွေ စသည် တို့ကို လေးစားရမယ်၊ မြတ်နိုးတတ်ရမယ်။ ကျွန်တော်တို့ တိုင်းရင်းသား အားလုံးရဲ့ အမျိုးသားဂီတဟာ ပီပီသသ၊ ထင်ထင်ရှားရှား အမျိုးသားဟန် အပြည့် ပါရှိနေတဲ့ အမျိုးသားဂီတပဲ ဖြစ်တယ်။ ဒီနေ့ ကမ္ဘာ့ဂီတ တီးဝိုင်း ကြီးတွေမှာ လူတွေ ဘယ်လောက်များများ သူတို့ အမျိုးသားပိုင် နည်း ကြတယ်။ ဆိုပါစို့၊ ကမ္ဘာ့တီးဝိုင်းကြီး တစ်ခုမှာ ခေတ်ပေါ်တူရိယာတွေ၊ ခေတ်မီတူရိယာတွေ ပေါင်းစုပြီး တီးမှုတ်နေကြတယ်။ လူတွေကလည်း များပါဘိသနဲ့။ ဒါပေမဲ့ အမျိုးသားဂီတအနေနဲ့ သူ့ပစ္စည်း ငါ့ပစ္စည်း ခွဲယူကြတယ်။ ဥပမာ၊ ဂျာမနီကလည်း စန္ဒရား သူက စတီထွင်လို့ သူပဲ ပိုင်တယ်၊ တယောကျတော့လည်း ချက်နိုင်ငံက၊ အော်ဂင်ကျတော့ ဂျပန်က၊ ဂျပ်စ်ကတော့ အင်္ဂလန်က စသည် အသီးသီး ခွဲယူလိုက်ရင် သူတို့ အမျိုးသားဂီတဆိုတဲ့ တီးဝိုင်းကြီး တစ်ခုမှမရှိတော့ဘူး။ ကျွန် တော်တို့မှာက အဲဒီလို မဟုတ်ဘူး။ ကိုယ်ပိုင်ပစ္စည်းတွေ အများကြီး ရှိ တယ်။ အလွန်ကြီးကျယ်တဲ့ အမျိုးသားဂီတဆိုတာ ရှိတယ်။ ဒီနေ့ခေတ် လူငယ်တွေ စုပေါင်းပြီး လေ့ကျင့်မှုတ်နေတဲ့ ပလွေ၊ ပလွေဟာ အမျိုးသား ဂီတတစ်ခု ဖြစ်တယ်။ ရှေးတုန်းက ပလွေက လက်ပေါက် ခုနစ်ပေါက်နဲ့ တည့်တည့်မှုတ်ပြီးတော့ ပလွေက လက်ပေါက် ခြောက်ပေါက်နဲ့ စောင်းမှုတ် တယ်။ သီချင်း ဖြစ်ပါတယ်။ တစ်ယောက်တည်းလည်း မှုတ်ရတယ်။ ဆယ်ယောက်၊ ဆယ့်ငါးယောက်၊ တစ်ရာ၊ နှစ်ရာ၊ တစ်ထောင်ထိ အင်အား သုံးဦးမလား။ မကြားရဖူးသေးတဲ့ ဂီတအရသာမျိုး နားထောင်သွားရမယ်။ အသံတွေ ခွဲဦးမလား။ ပလွေသံကြီးတွေနဲ့ ဘင်သံ၊ ဂျပ်စ်သံ၊ ပတ်မသံ၊



mgyoe.com

mgyoe.com SAMPLE BOOK

စခွန့်သံ နေရာမျိုးတွေက လိုက်ပေးလို့ရပါတယ်။ ဒါ အမျိုးသားဂီတ၊ မြန်မာ့အသံက သတင်းမကြေညာမီ လာတဲ့ တီးလုံးကို စတင်တီထွင်တာ ကွယ်လွန်သွားတဲ့ စာရေးဆရာကြီး အေဝမ်း ဆရာညွှာပဲ။ သူ ဒီတီးလုံးကို စတင် တီထွင်ပေးတာက အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်အတွက် သုံးဖို့ ဖြစ်တယ်။ ဒီတီးလုံးအတွက် သုံးဖို့ပစ္စည်းတွေကို အသေးစိတ် တီထွင်ပေးသူကတော့ ယဉ်ကျေးမှုဌာနက ကွယ်လွန်သွားတဲ့ အကြံပေး နည်းပြဆရာ ဦးစိန်လှမောင်တဲ့။ ဦးစိန်လှမောင်က မန္တလေးက ဗုံတွေကျက်တဲ့ ဆရာကြီး ဦးဘိုးကွန်းနဲ့ တိုင်ပင်ပါတယ်။ စည်တို အကြီးကြီးတွေ လုပ်ဖို့ ပထမ စဉ်းစားတာကတော့ အလှူအိမ်တွေမှာ ချက်တဲ့ မိုးဗြဲဒယ်အိုးကြီးလောက် မျက်နှာဝရှိတဲ့ စည်တိုကြီး။ ဒါပေမဲ့ သစ်လုံးထွင်းဖို့ အခက်အခဲ ရှိပါတယ်။ မိုးဗြဲဒယ်ကြီးလောက် လုံးပတ်ရှိတဲ့ သစ်ရမှ။ ဒါတင် မကသေးဘူး။ သားရေကလည်း ခက်နေပြန်တယ်။ မျက်နှာဝက မိုးဗြဲဒယ်အိုးကြီးလောက်ဆိုရင် နွားသားရေကလည်း သူ့ထက် ကြီးမှ။ နောက်တော့ စည်တိုကို နည်းနည်း နည်းနည်း လျှော့လာတယ်။ စည်တို အရွယ်အစား ငယ်လာပေမဲ့ အသံကြီးအောင် သားရေကို ထူထားမယ်။ အသံအမျိုးမျိုး ရအောင် စည်တိုကြီး လေးလုံး လုပ်မယ်။ ပထမ ရှိပြီးသား တစ်လုံးနဲ့ ပေါင်းရင် ငါးလုံး။ ပလုပ်ကလေးပါ ထည့်ပေါင်းရင် ခြောက်လုံး၊ ခုနစ်လုံးပြည့်ဖို့ တစ်လုံး လိုတော့တယ်။ ဒါလည်း ကိစ္စမရှိ။ စည်တိုတစ်လုံးကို တံတောင်နဲ့ ထောက်တီးရင် တစ်သံ ထပ်တိုးလာမယ်။

ဒီတီးလုံး တီထွင်ပြီးတဲ့အခါ အလွန် အောင်မြင်ပါတယ်။ ရွှေမန်းဦးတင်မောင်ရဲ့ ဆိုင်းဆရာ၊ စိန်လှကြည်ရဲ့ခင်ပွန်း စိန်ဘမောင်ဟာ ဒီတီးလုံး တီးပြီး မြန်မာ့အသံက လွှင့်ခဲ့တာကြောင့် စံတော်ချိန်တီးလုံးကနေ စံတော်ချိန် စိန်ဘမောင်လို့ နာမည်ကြီးခဲ့ပါတယ်။ ကျွန်တော် တောင်ကြီးနားက အလှူပွဲတစ်ပွဲ သွားတီးတယ်။ ရှင်လောင်းလှည့်ခါနီးမှာ အိုးစည်ဝိုင်းတစ်ခု ပါတယ်။ ဝါးလက်ခုပ်က အရှည်ကြီး။ ဝါးပင်တစ်ပင်လုံးလောက်ကို ဝါးလက်ခုပ်ကြီး လုပ်ထားတယ်။ လင်းကွင်းကလည်း မန္တလေး စည်တော်ကြီး လင်းကွင်းမျိုး အကြီးကြီး။ အိုးစည်က ဓနုအိုးစည်ခေါ်တယ်။ မျက်နှာဝက တော်တော့် ပတ်မအငယ်လောက် ရှိတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အရပ်အမြင့်က ခါးသာသာလောက် မြင့်တယ်။ အိုးစည်ရယ်၊ ဝါးလက်ခုပ်ရယ်၊ လင်းကွင်းကြီးရယ် ... ဒီသုံးခု ပေါင်းတီးတာ ကောင်းလိုက်တာမှ အလွန်။ ဗေပေ့ ဗေပေ့ ထုံချမ်း ထုံချမ်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ရိုးရာဂီတရဲ့ အသံဟာ ဟိန်းလာတယ်။ ဗေပေ့ ဗေပေ့ ထုံချမ်း ထုံချမ်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ... ရင်ထဲမှာ တသိမ့်သိမ့် တုန်လာတယ်။ အဖေ့ လွမ်းရမလား၊ အမေ့ လွမ်းရမလား။

ဒါ ... အမျိုးသားဂီတ။

■



mgyoe.com

mgyoe.com SAMPLE BOOK

# ဆိုင်းဆင့်

ပတ်လုံးပေါ်က ဝပမာဏာ သစ်စေးခွက်
ကြွလာသမျှ ချစ်ပြီး မက်တဲ့အောင်
ကိုင်း … ရှာစား သဟဇာတ ပစ္စည်းဆက်။

ဆိုင်းနောက်ထိုင် နောက်ပြောများက ဤသို့ ဆိုင်းဆင့်လိုက်လျှင် ရှေ့က ဆိုင်းဝိုင်းထဲက ဆိုင်းဆရာများက မိမိတို့ နှစ်သက်ရာ တီးလုံးကို တီးကြတာပါပဲ။ ကွယ်လွန်သူ နေမျိုးဗလကျော်သူဘွဲ့ရ ရှာစားကြီး စိန်ဗေဒါကိုတော့ အောက်ပါ လင်္ကာဆိုင်းဆင့်နဲ့ ဆိုင်းနောက်ထိုင် ဦးရုပ်ဆိုး၊ ဦးဂုံညင်းတို့က ရွတ်ဆိုခဲ့ပါတယ်။ သူတို့ ခိုင်းခဲ့တဲ့ ဆိုင်းဆင့်ကတော့ …

'ဇမ္ဗူဒီကျွန်း မြောက်ညာစွန်းက ပင်ဝန်းစွင့်စွင့်
ကမ္ဘာကျက်သရေ မြခက်ဝေတဲ့ သပြေမြင့်က ရွှေစင်အစစ်
ရာသီလေလှုပ် သီးကြွေပြုတ်၍၊ သမုဒ်မှာ နစ်သောအခါ
နတ်ဖြစ်တူရိယာ စီတံမြွာသို့ ပမာနှိုင်းစံ ဝါမောင်းရွှေရွှေ
ညှာညောင်းလို့ ကြွေတဲ့ သပြေသံ နယားက
ဖန်တော်မူစမ်းပ အသုံးခံ'



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်းနောက်ထိုင် ဆိုတာ စာတိုပေစလေးတွေ ရှာတတ်ရတယ်။ အထက်ပါ ရှေးလင်္ကာ ဆိုင်းဆင့်မျိုးတွေလည်း ရထားမှ ဖြစ်တယ်။ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုများမှာ အလွန် မြတ်နိုးစရာကောင်းတာတွေ အများကြီး ရှိတယ်။ ရှေ့က ဆိုင်းဆရာက တီးတော့မယ်၊ နောက်က နောက်ထိုင်က 'ကဲ ... ခင်ဗျား ကြိုက်ရာတီး' ဒါမျိုးပြောလို့ မရပါဘူး။ သူ ခိုင်းလိုက်တဲ့ လင်္ကာကြောင့်၊ ဆိုင်းဆင့်ကြောင့် တီးရတဲ့ ဆိုင်းဆရာနဲ့ တကွ ဆိုင်းအဖွဲ့သားများပါ ဂုဏ်မြောက်သွားတယ်။ နောက် ရွာစားကြီး စိန်ဗေဒါကို ဆင့်ခဲ့တဲ့ ဆိုင်းဆင့်တစ်ခုကတော့ ...

'လေးဒီပ ပတ်ရံ နိုင်ငံတော်အတွင်း ရွှေနန်းဘုရား
လက်ရွေးစံပါနော်။ ဗျာဒိတ်ခံ နားတော်သွင်းရတယ်
ဆိုင်းဆိုသမျှ မင်း၊ ဆိုင်းဆိုသမျှ မင်း ကြော့ရှင်းမှုယူ
လာလာသူများ ပရိသတ်တို့ နားတံဆိပ် ခတ်ရအောင်
နဝရတ်ပတ်ဖြစ် လက်တင်ကာ ရေလုည့်လို့
မန်းဘွဲ့နဲ့ ပို့တော်မူပါ အစ်ကို တက္ကသိုလ်'

ဒီဆိုင်းဆင့်ကတော့ ရွာစားကြီး စိန်ဗေဒါ ကွယ်လွန်ပြီးနောက်သားတပည့် တော်တော်များများက နှစ်နှစ်သက်သက် မြတ်မြတ်နိုးနိုး သုံးစွဲခဲ့ကြတဲ့ ဆိုင်းဆင့်ပဲ ဖြစ်ပါတယ်။

တီးလုံးတီးကွက်အလိုက် ဆင့်ပွားတဲ့ ဆိုင်းဆင့်တွေလည်း ရှိသေးတယ်။ ဥပမာ မင်္ဂလာဗြောညွန့် တီးလုံးကို ခိုင်းမယ်ဆိုရင် ...

'အစဉ်အလာ မနောကွန့်စရာ နည်းထုံး၊ နိမိတ်ကယ်နှင့်
သဘင်ဆရာ သဘောမတွန့်ပါ၊ အစည်းအရုံးကလည်း
နိပ်တာကြောင့် ကိုင်း ... ရွာစား မင်္ဂလာဗြောညွန့်ဆိုတဲ့
တီးလုံး ကြိတ်တော်မူစမ်း'

နောက်တစ်ခုက ...

'အခြေ တန်ခိုးပါပါနဲ့ အသရေ တိုးဖြာပြီး
ငွေမိုးရွာရွာဆိုတဲ့ တီးလုံး ဆက်တော်မူပါဦး'

ဆိုင်းနောက်ထိုင်ဆိုတာက ပရိသတ်သဘောနဲ့ ဆိုင်းဆရာသဘောကို အကင်းပါးရတယ်။ နားလည်ရတယ်။ ဒါမှ အဆင်ပြေတာ။ ပရိသတ်

mgyoe.com

mgyoe.com SAMPLE BOOK

ကလည်း နားထောင်ချင်လှပြီ။ ဆိုင်းဆရာကလည်း တီးချင်လှပြီ။ သူ တီးမယ့် တီးလုံးလည်း ကိုယ်က သိနေပြီ။ သိနေတဲ့ အကြောင်းကလည်း ပရိသတ်က ခိုင်းထားတယ်။ အေးရေကောင်း ဒါဆို လေရှည်နေလို့ မဖြစ်ဘူး။ 'ဘေးအထွေထွေ ကင်းတဲ့အောင် ကိုင်း ... ရွာစား အေးရေကောင်းနဲ့ အသုံးခံတော်မူစမ်း' ဒါ လိုရင်းတိုရှင်းပဲ။

ဆိုင်းပြိုင်တွေမှာ ဆင့်တဲ့ ဆိုင်းဆင့်က ရှိသေးတယ်။ ရွာစားကြီး စိန်ဗေဒါဘက်က ဆင့်တဲ့ ဆိုင်းဆင့်ကတော့ အောက်ပါအတိုင်းပါပဲ။

'စိန်ဗေဒါ အကောင်ပဂေးရဲ့ သင်းတို့ ဆိုင်းအနံ့တွေ
အကြောင်း မေးတဲ့အောင် နှာခေါင်းသွေးယိုကာ
နဖူးအငိုက် ဒူးဗလာတိုက်စွမ်း လက်သီးကုန်ကြောင့်
သွေးတုန်ကာ တမင် ကြောက်လောက်အောင်
ကိုင်း ... ရွာစား
သင်းတို့ ဆေးရုံအရောက် သတ်လိုက်စမ်း' တဲ့ဗျား။

ကျွန်တော်က အမေ့ (ရွာစားကြီးကတော် ဒေါ်စိန်မေ)ကို မေးကြည့်တယ်။

'အမေ ဒီဆိုင်းဆင့်ကို အဘက သုံးသလား' လို့။

အမေက ...

'မသုံးပါဘူး သားရယ်။ မင်းအဘ လက်ဖွဲ့ကြိုက်တတ်မှန်း၊ ဝါသနာပါမှန်း သိလို့ ရေးပေးတာ ထင်ပါရဲ့'လို့ ပြောတယ်။ ဘယ်သူ ရေးတဲ့ စာလဲလို့တော့ မမေးလိုက်မိဘူး။

တစ်ခါတလေ ဆိုင်းနောက်ထိုင်များက သူတို့ရွတ်တဲ့ လင်္ကာ၊ ဆင့်တဲ့ လင်္ကာရွတ်ရင်း မေ့နေတဲ့အခါ ရှိသေးတယ်။ အဲဒီအခါ စာက မချောဘူး။ 'ပဒုံမှာ ကြာဖူးက၊ ပဒုမှာ ကြာဖူးက ကြာဖူး လှုပ်တော်မူစမ်း'လို့ ပြီးအောင် ဆင့်တာမျိုးလည်း ရှိသေးရဲ့။

ဆိုင်းဆင့် ဆိုတာကလည်း အလာကြီး၊ အရေးလည်း ကောင်းဦးမှ၊ အရွတ်အဖတ်လည်း ကောင်းမှ ပိုပြီး အသက်ဝင်တာ။ လူရွှင်တော်ကြီး ဦးရွှေငါး ရေးတဲ့ ဆိုင်းဆင့်ကိုပဲ သူကိုယ်တိုင် ရွတ်ပြလို့ အလွန်ကောင်းတာနဲ့ တောင်းထားလိုက်ရတယ်။ သူ့စာကတော့ ...



mgyoe.com

mgyoe.com SAMPLE BOOK

'ဇာနည် အသြ သိန္ဓ၀ တိမ်မြ အသြထိုရ် နတ်မြင်းလို့
ဆိုရတဲ့ ဇာနည်ဘွားပါပဲ။ မြန်မာပြည်မှာ ရှား၍ ရှိန်ဝေဖြာသော
စိန်ဗေဒါဆိုတာ ဝေဖြိုးလို့ ကြွတာမို့ နေမျိုးဗလ စိန်လက်သံ
တိမ်ဘဝင်လျှံမှာ အမျှားငေးလို့ မက်ရအောင်
စိန်ဗေဒါ သကြားပေးတဲ့လက် တီးတော်မူစမ်း'

ဦးရွှေငါးက စာတင် မဟုတ်ဘူး။ အရွတ်အဖတ် အလွန်ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ လေးသင့်တဲ့နေရာ လေး၊ ပေါ့သင့်တဲ့နေရာ ပေါ့၊ ဆွဲ သင့်တာ ဆွဲ၊ ဒီလို ဠာန်းကရိဏ်း ကျနတဲ့အတွက် သူ ရေးတဲ့စာဟာ ပို ကောင်းတယ်။ နောက်တစ်ပုဒ် ရှိသေးတယ်။ ဒါကတော့ ပဒေသာ ဆိုင်း ဆင့်ပဲ။ ဘယ်သူတီးတီး ဆင့်လို့ ရအောင်၊ အားရပါးရ တီးချင်အောင် ဆင့်ရေးထားတဲ့ ဆိုင်းဆင့်မျိုးပဲ။

'သိကြာမင်းနဲ့ အသူရိန် ဘူမပဟိန် သေနင်ကျင်းတော့
ဗွေဟင်အတွင်း ဂျိုးဂျိမ်းညံတဲ့အောင်၊
မိုးဟိန်းသံ အချောက်အချားနဲ့ တစ်ယောက်သား အန်တုဖို့
ဇမ္ဗူဒီ မကြုံရအောင် ပံသုပထဝီ တုန်အောင် တီးလိုက်စမ်း'

တစ်ခါတလေတော့လည်း တိုတိုလေးနဲ့ဆင့်တဲ့ ပဟေဠိ ဆိုင်းဆင့် မျိုးက ရှိသေးတယ်။ ဆိုင်းနောက်ထိုင်များရဲ့ ဉာဏ်ကလည်း မသေးလှ ဘူး။

'တဝမ်းပူ ထိပ်ဗွေ ဝသုဩ ဆံခတ်လို့
ဝစ္စပေါက် ထပ်တော်မူစမ်း'

အက္ခရာပေါ်လာအောင် လက်ံနဲ့ ဆင့်လိုက်တဲ့ ဆိုင်းဆင့်ပါပဲ။ ဘာလဲဆိုတာတော့ စာဖတ်သူများ သူ့စာအတိုင်း ရေးကြည့်လျှင် သိမှာ ပေါ့။

ရွာစားကြီး စိန်ဗေဒါရဲ့ပုံတူ ကြေးရုပ်ကြီးကို သွန်းလုပ်ပြီး မန္တလေး ပန်တျာကျောင်းဝင်းအတွင်းမှာ ထားမယ်။ မြို့မိမြို့ဖများ ဒေသဆိုင်ရာ အကြီးအကဲများကလည်း ထိုက်ထိုက်တန်တန် စည်စည်ကားကား သိုက် သိုက်မြိုက်မြိုက်ဖြစ်အောင် ဦးဆောင် လမ်းညွှန်ပေးတယ်။ ဒီစိန်ဗေဒါ ကြေးရုပ်ဖွင့်ပွဲမှာ တီးကြမယ့် ဆိုင်းအဖွဲ့ကလည်း အဖွဲ့ပေါင်း လေးဆယ်



mgyoe.com

mgyoe.com
SAMPLE BOOK

ကျော်တယ်။ ဖွင့်ပွဲ တီးမယ့်ရက်က ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်၊ ၁၈ ရက်။ ဆိုင်းအဖွဲ့တွေ တီးကြတော့မယ်ဆိုတော့ ဖွင့်ပွဲအတွက် ဆိုင်ရာ လက်ာဆိုင်းဆင့် လိုပါတယ်။ အဲဒီဆိုင်းဆင့်အတွက် ဆိုင်းဆရာ တော် တော်များများက ကျွန်တော့်ကို ရေးခိုင်းတယ်။ ကျွန်တော်က သီချင်းသာ ရေးတာ၊ ဆိုင်းဆင့် တစ်ခါမှ မရေးဖူးဘူး။ ငြင်းပေမဲ့ မရပါဘူး။ ဒါနဲ့ ကြိုးစားပြီး ရေးရပါတယ်။ သူတို့ သဘောကျလို့လား၊ ဒါမှမဟုတ် သည့် ပြင်ဟာ မတွေ့လို့လား မသိဘူး။ ကျွန်တော် ရေးပေးတဲ့ ဆိုင်းဆင့်ကိုပဲ အတည်ပြုပြီး အဲဒီစာနဲ့ ဖွင့်ပွဲရဲ့ ညအတီးကို စလိုက်တယ်။ အဲဒီဆိုင်းဆင့် ကတော့ ...

'နေနတ်နွယ် မြတ်မျိုး မြန်မာမင်းတို့ မပြတ်တိုးကာ နှင်းပြီး
အဟုတ် အကျိုးမပျက်ခဲ့တဲ့ မုဆိုးဆက် ဆယ့်တစ်ဆက်
မြောက်တဲ့ အရှင်သီပေါ ရွှင်ကြည်မနော
အစဉ်ပီတိ သောမနဿဖြစ်ကာ
နရိန္ဒကေရာဇ်သိမ် အသရေဖြာပါ။
အရှိန်တေဇာပိုလို့ စိန်ဗေဒါဆိုတဲ့ ဆိုင်းဆရာတစ်ယောက်
တိုင်းနဂရာဖောက်ခါ မြန်မာတွင်မက ကမ္ဘာပင်ကျော်ကာ
ကုလားပြည်တွေ နှံ့ခဲ့ပါရဲ့
စိန်ဗေဒါရဲ့ အတီး စိန်ဗေဒါရဲ့ လက်သံ
စိန်ဗေဒါရဲ့ နည်းထားတဲ့ စည်းဝါးဟန် သူ့အယူအဆ
မတု မတူသပ ဘယ်သူမှ မယှဉ်နိုင်ပါဘူး။
ပြိုင်စရာ ဇမ္ဗူကဝိ လူသူမရှိသလောက် ရှားတဲ့ ရှာစားဆရာမို့
ကြားကြားတဲ့ ပရိသတ်အပေါင်း ထောင်သောင်းမက
များသော်လည်း
မကြိုက်သူ မရှိ တိုက်ဘူမိ မြေပထဝီပြင်မှ
ထက်ကောင်းကင် မိုးတိမ်ယံသို့
လွှင့်ထုတ်ပြန် ပတ်သံကြားတော့
ပတ်ဖျား စတော့ နတ်သားများ ကတော့မလို
ပတ်ရင်း စတော့ နတ်မင်းများက မနေနိုင်ဘူးလို့


mgyoe.com

mgyoe.com SAMPLE BOOK

ပတ်လယ် နတ်သူငယ် မြူးလို့
ထူးခြားသူဂိတ ပဥ္စသိခ်ရဲ့ စောင်းဗေလုဝလို့
တင်စားလို့ မကုန်နိုင်ပါဘူး
ဒါကြောင့်လည်း ဂုဏ်ပိုင်ပိုင်ရအောင်
မြန်မာဘုရင်က ကမ္ဘာတစ်ခွင် ထင်ရှားစေဖို့
ဘုရင်များ နောင်မင်း သမ္မတတွေလို့
အစဉ်အလာ ချီးမြှောက်တဲ့ စံနမူနာဖြင့်
မြန်ဇမ္ဗူမှာ ဆိုင်းခေါင် ကဝိဟာမို့
တိုင်းဘောင်ထိအောင် သွေမညိုးသပ မော် တလူလူနဲ့
အခြေ တန်ခိုးပြသနော်။
တစ်ဆူ တစ်ဆရာကိုဖြင့် နေမျိုးဗလ ကျော်သူပါလို့
ဘွဲ့တံဆိပ် ခတ်နှိပ်လိုက်ခြင်းခံရတဲ့ ရှာစားကြီး စိန်ဗေဒါဟာ
ထောင့်နှစ်ရာ လေးဆယ့်လေးခုသားဖြစ်လို့
အောင်ကျော်ချမ်းအေး မန္တလေးတည်ပြီး နှစ်ဆယ့်သုံးနှစ်အကြာ
သီပေါဘုရင် နန်းတက်ပြီး သုံးနှစ်အရောက်
ဖွားမြောက်ခဲ့တဲ့ စိန်ဗေဒါဟာဖြင့်
ယနေ့ ကောဇာသက္ကရာဇ် အက္ခရာသင်္ချာနဲ့ တွက်စစ်လိုက်ရင်
အောင်စည်ရွှမ်းလာ၊ ဖြောင့်ဆုံးရှာလိုက်တော့
တစ်ထောင့်သုံးရာ လေးဆယ့်လေး ဒြပ်ကျော်တဲ့
နတ်တော်လဆန်း တစ်ရက်နေ့တွင်
သူ့မွေးနေ့ နှစ်တစ်ရာပြည့်လို့
ချစ်စရာခလေ့ သားသမီး တပည့်ကျော်တွေက
တရားအပြီး မွေ့လျော် ထေရ်ရှင် ရဟန်းမြတ်တို့အား
ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်အသီးသီးတို့
ဆက်ကပ် လှူဒါန်းခြင်း၊
တစ်ဝ လောကီမင်္ဂလာ သေချာနည်းထုတ်၍
စိန်ဗေဒါရဲ့ ပုံတူကြေးရုပ် သွန်းလုပ်ပြီး
နောင်သမိုင်းတွင် မှတ်တမ်းတင်ရအောင်



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်းဘုရင်ရဲ့ ရုပ်တုပါပဲလို့
ကြီးကဲလေးမြတ်တဲ့ မိဘဆရာကို သတိရစွာ သွန်းလုပ်ပြီးပေါ့
ပြည်သူချစ်တဲ့ တစ်ပါးဆရာ ဖွားလာတဲ့
နှစ်တစ်ရာအပြည့်တွင် လာလာသရွေ့
မင်း မင်းအပေါင်း ပရိသတ်တို့ နားတံဆိပ် ခပ်စေ
အရှိန်ဝေဖြာကာ ချစ်သဒ္ဒါမရွေ့ပါဘူးလို့
ကိုင်း ...
ရှာစားကြီး စိန်ဗေဒါရဲ့ နှစ်တစ်ရာပြည့် ဖွင့်တော်မူစမ်း။

■



mgyoe.com

mgyoe.com SAMPLE BOOK

# ပတ်စာရေစာ

မြန်မာ့ဆိုင်းပညာမှာ ပတ်စာရေစာဆိုတာ ရှိတယ်။ ပတ်စာရေစာ သေချာမှ ကောင်း ဆိုသလို ပတ်လုံးလေးတွေက အစ ပတ်မကြီးအထိ အဲဒီပတ်စာ ကပ်ပြီးမှ တီးကြရတယ်။ ပတ်လုံးလေးတွေ၊ သို့မဟုတ် ဗုံကလေးတွေရဲ့ အသံကလည်း ပတ်စာကပ်လိုက်တော့မှ ပိုပြီး ကောင်း မွန် ပြည့်စုံတဲ့ ဂီတသံမျိုး ထွက်လာတယ်။ ဒါက ပတ်စာကပ်တာ။ ရေစာ ဆိုတာကတော့ ပတ်စာက တော်တော်လေး ကြာတဲ့အခါ၊ သို့မဟုတ် လေအတိုက်များလို့ ဒါမှမဟုတ် အပူရှိန်ရှိလို့ ပတ်စာက ခြောက်သွေ့ လာတဲ့အခါ ရေဆွတ်ပေးရတယ်၊ ရေလှည့်ပေးရတယ်။ အဲဒါကို ရေစာလို့ ခေါ်တယ်။ တစ်မျိုးနဲ့ တစ်မျိုး နီးစပ်ပေမဲ့ မတူဘူး။ ပထမ ပတ်စာ အကြောင်းကို တင်ပြပါမယ်။

သစ်တုံးကို အခေါင်းထွင်းပြီး နွားရေနဲ့ မျက်နှာပြင် ပြုလုပ်ကာ နွားရေကြိုးတွေနဲ့ ဆွဲပြီး တင်းနေအောင် ကျက်ထားတဲ့ ဗုံခေါ်တဲ့ ပတ် လုံးလေးတွေကို အသံလှလှလေးမြည်ဖို့ လိုပါတယ်။ နွားရေမျက်နှာပြင် ကို သစ်စေးသုတ်ထားတယ်။ သစ်စေးက ပတ်လုံးရဲ့ နှုတ်ခမ်းပေါ်ကို



mgyoe.com

mgyoe.com SAMPLE BOOK

ပတ်ပတ်လည် သုတ်တယ်။ အလယ်မှာတော့ သစ်စေးကို ဝက္ကက်ပြီး သုတ်ထားတယ်။ အဲဒီအပေါ်မှာ ပတ်စာ ကပ်ရတာ။ ပတ်လုံးကို အစာ ကျွေးသလို ပေးသလိုမို့ ပတ်စာလို့ပဲ ခေါ်ကြတာပါ။ ဖုံစာပတ်စာပေါ့။ 'မောင့်ဖုံသံ အစာကောင်းလို့ မောင်းသံလို ဟီ' ဆိုတဲ့ စာလိုပါပဲ။ ပတ်စာလေးများ ကောင်းတဲ့အခါကျတော့ ဖုံသံက မောင်းသံလေးများလို ဟီလာတဲ့ သံချိုရှိန်လေးများ ထွက်လာတတ်ပါတယ်။

ပတ်စာဆိုတာက ပတ်လုံးအတွက် မရှိမဖြစ် အလွန်အရေးပါတဲ့ အချက် ၂ ချက်ကို ဖြည့်ဆည်းပေးပါတယ်။ ပထမ အချက်ကတော့ ပတ်လုံးကို အသံကောင်းစေတယ်။ ဒုတိယ အချက်ကတော့ သံစဉ်များကို လိုအပ်သလို ညှိပေးနိုင်တယ်။ ပတ်စာဖြစ်ဖို့ အဓိကပစ္စည်းများကတော့ ထမင်းနဲ့ မီးဖိုထဲက ပြာပဲ။ ထမင်းနဲ့ ပြာကို ရောပြီး ကြိတ်တာ၊ နယ်တာ၊ ထိုးတာကို ပတ်စာထိုးတယ်လို့ ခေါ်တယ်။ ဟိုတုန်းကတော့ ဆိုင်းထဲမှာ ပတ်စာထိုးတဲ့လူ ပါတယ်။ ခုတော့ အဲဒီလူ မပါကြတော့ဘူး။ ထမင်းနဲ့ ပြာနဲ့ ကြိတ်တာ နယ်တာ၊ ပတ်စာဖြစ်ဖို့ ထမင်းက အလွန်ခက်တယ်။ ဆန်သစ်တို့၊ ဆန်စေးတို့က ပတ်စာထိုးလို့ မရဘူး။ အဲဒီဆန်မျိုးတွေနဲ့ ပတ်စာထိုးလိုက်ရင် ပတ်စာတော့ ဖြစ်တယ်။ ပတ်လုံးပေါ် ကပ်လို့ မရဘူး။ ရော်ဘာတုံးများလို လိပ်လိပ်တက်ပြီး အကြောမပြတ်ဘူး။ ပတ်စာဆိုတာက အကြောပြတ်မှ၊ ပတ်လုံးပေါ် ပတ်စာတင်ပြီး လက်မနဲ့ ဖိကပ်၊ လိုသလို ဆွဲလှည့် ဖြတ်လိုက်ရင် ပြတ်သွားမှ နောက်ထပ် ဖြည့်တာ၊ ပြန်နုတ်တာတို့က ပတ်စာကောင်းမှ ဖြစ်တာ။

ကျွန်တော်တို့ မန္တလေးစကားနဲ့ ပြောရရင် ပတ်စာထိုးဖို့ ဆန်က ကပိုင် တောင်ထိပ်ပန်း အဟောင်း၊ ဒါမှမဟုတ် ရွှေဘိုခွန်နီကော့ အဟောင်းတို့က ပတ်စာထိုးဖို့ကောင်းတဲ့ အမျိုးအစား အခြေအနေများပဲ။ အချို့ မသိတဲ့သူများကတော့ ပတ်စာထိုးဖို့ ပတ်စာနယ်ဖို့ဆိုရင် ဘယ်ထမင်း ဖြစ်ဖြစ် ရတယ်လို့ ထင်ကြတာပေါ့။ ပတ်စာထိုးဖို့ ထမင်းက သိုးနေလို့ ရှိရင်လည်း မရဘူး။ ထမင်းပူပူကြီး ထိုးလို့လည်း မရဘူး။ သိုးနေတဲ့ ထမင်းနဲ့ ပတ်စာနယ်ရင် ပတ်စာကပ်တဲ့အခါ ဗွက်ပေါက်တယ်။ ထမင်းပူကြီး ထိုးရင် ပတ်စာက ထန်နေတယ်။ ပတ်စာထန်တယ် ဆိုတာက



mgyoe.com

mgyoe.com SAMPLE BOOK

စောစောတုန်းက ရေးခဲ့တဲ့ ရော်ဘာတုံးလို ဖြစ်ချင်နေတယ်။ ငစိန်ဆန် ကတော့ ပတ်စာထိုးလို့ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါ အဟောင်း လွန်တာတွေ ဖြစ်နေတတ်လို့ ပတ်စာဘဝရောက်တဲ့အခါ အစေး မရှိတော့ ဘူး။ တီးလိုက်ရင် ခဏခဏ ကွာတတ်တယ်။ အချို့က အလှူတွေမှာ ထမင်းချက်တဲ့အခါ ပျော့နေလို့ရှိရင် ထမင်းတွေ ပျော့ကုန်ပြီ၊ ပတ်စာ နယ်လို့ ကောင်းတယ်လို့ ပြောတတ်ကြပါရဲ့။ အဲဒီဟာ အသွင်သဏ္ဍာန် အားဖြင့် တူပါရဲ့။ အနှစ်သာရတော့ မတူပါဘူး။ ပတ်စာနယ်တဲ့ ထမင်းရဲ့ အပျော့အမာဟာ စားလို့အကောင်းဆုံး ချက်ထားတဲ့ အနေတော် ထမင်း မျိုးမှ ပတ်စာထိုးလို့ ကောင်းတာ။ ထမင်းပျော့ရင်လည်း မကောင်းဘူး ပြာအများကြီး ဝင်တယ်။ ထမင်း မာရင်လည်း လိုအပ်တဲ့ အချိန်အဆ ကွာဝေးနေတတ်တယ်။ ပတ်စာထိုးဖို့ ဆန်ကောင်းဆန်သန့် ရွေးပြီး ထမင်း အပျော့အမာ၊ အပူအအေး စတဲ့ အချက်အလက်တွေ ပြည့်စုံဖို့ လိုသလို ပတ်စာထိုးဖို့ ပြာကလည်း ပြာအမျိုးမျိုး ရှိတယ်။ ညောင်ပြာ၊ သန်းဒဟတ်ပြာ၊ မန်ကျည်းပြာ၊ ကောက်ရိုးပြာ ပြာစုံ၊ ခေါက်ဆွဲဖိုပြာ။ အဲဒီပြာပေါင်းစုံများကို ရေမထိရပါဘူး။ မီးဖိုကို ရေနဲ့ လောင်းငြိမ်းထားတဲ့ ပြာက ပတ်စာထိုးလို့ မရဘူး။ အကောင်းဆုံး ပြာထဲ ပါတာကတော့ မန်ကျည်းပွေးကို အိုးထဲထည့်ဖုတ်ပြီး ဖြစ်လာတဲ့ ပြာက အလွန်ကောင်း တဲ့ ပြာအမျိုးအစားထဲမှာ ပါတယ်။ ပြာကို နေပူလှန်းပြီး ဒိုင်းနဲ့ ဆင့်ယူ ရတယ်။ ၂ ထပ်၊ ၃ ထပ်လောက် ဆင့်တဲ့အခါကျတော့မှ ပေါင်ဒါမှုန့်လို နူးညံ့တဲ့ ပြာမျိုး ရလာတယ်။ ပြာထဲမှာ သဲပါလို့ မရဘူး။ သဲပါလာရင် ပတ်စာကျတော့ ကိုက်နေဘယ်။ ကိုက်တယ် ဆိုတာက အသံကိုက်တာ မဟုတ်ဘူး။ ပတ်စာက သားရေပြင်ကို ဆွဲအားများပြီး အသံထွက် တို နေတာကို ပတ်စာကိုက်တယ်လို့ ပြောတာ။ အဲဒီ ကိုက်တဲ့ ပတ်စာကို ဆိုင်းဆရာများ အလွန်ကြောက်တာပေါ့။ အသံမြည်ချင်လို့ တီးတာ၊ ကိုက်တဲ့ ပတ်စာကျတော့ အသံမြည် နည်းလွန်းနေတယ်။ ဒါကြောင့် ကြောက်ကြတာ။ ကောက်ရိုးပြာကတော့ အရေးပေါ် ပြာပဲ။ ပတ်စာထိုးဖို့ ပြာမကောင်းရင်၊ ပြာမရှိရင် ကောက်ရိုးကို ပြာချ၊ ချက်ချင်း ပတ်စာထိုးလို့ ရတယ်။ တီးလို့ ကောင်းတယ်။ ဒါပေမဲ့ ပြာတွေက မည်းနေတဲ့အတွက်



mgyoe.com

mgyoe.com SAMPLE BOOK
သစ်စေးနဲ့ရောပြီး မည်းနေတယ်။ အသံညှိဖို့ အခက်အခဲ ဖြစ်တယ်။ ဘယ်လိုဖြစ်ဖြစ် အရေးပေါ် လိုအပ်ရင် သူ့ကို သုံးရတာပဲ။ မီးသွေးပြာ ကတော့ ပြာလေးတွေက နုနုရွရွကလေးတွေ၊ အလွန် ချစ်စရာကောင်း တယ်။ ဒါပေမဲ့ ပတ်စာထိုးလို့ မရဘူး။ အဲဒီပြာက အငန်ဓာတ်တွေ များ လွန်းတဲ့အတွက် သူ့ကိုသုံးရင် ဆိုင်းဆရာရဲ့လက် ချက်ချင်း စားပြီး လက်တွေ ပေါက်လာတယ်။ သုံးလို့ မရဘူး။ ပတ်စာရဲ့ အပျော့အမာ အနေအထားကလည်း အလွန် အရေးကြီးတယ်။ မိုးတွင်းမှာ ပွဲလမ်းသဘင် နည်းပါးလို့ အချိန်အဆ မပြခဲ့ဘူး။ ဆောင်းတွင်းနဲ့ နွေတော့ ပြထား တယ်။ ဆောင်းတွင်း ပတ်စာရဲ့ အနေအထား၊ အပျော့အမာဟာ နှာခေါင်း ဖျားကို ကိုင်စမ်းကြည့်၊ သူနဲ့ တူရမယ်။ နွေကျတော့ နားရွက်ဖျား စမ်း ကြည့်၊ သူနဲ့ အပျော့အမာ တူရမယ်။ ဆိုင်းအဖွဲ့သုံး ပတ်စာကတော့ နို့ဆီဘူး ၂ လုံးလောက် အရွယ်အစားရှိတဲ့ ပတ်စာထိုးပြီးသားဟာ တစ် ဝိုင်းလုံး ကပ်လောက်တယ်။ ပတ်မကြီး အပါအဝင်ပေါ့။ ထိုးပြီးသား ပတ်စာ သိမ်းရတာကလည်း တယ်မလွယ်ဘူး။ ငှက်ပျောပင်ကို ခွာယူ။ မုန့်ဟင်းခါးထဲ ထည့်တဲ့ ငှက်ပျောဖက် ရွက်ခေါက် အကြီးစားကို အလယ် က ချိုးခေါက်ပြီး ပတ်စာထည့်၊ ငှက်ပျောရွက် ကြိုးလုပ်ချည်၊ စည်း နှောင်ပြီး လေလုံတဲ့ သံဘူးထဲထည့်ပြီး ထားရတယ်။ ပတ်စာဖြောင့်တယ် ဆိုတာကတော့ တီးခါနီးမှာ လက်ထဲမှာ ထည့်ပြီး လက်ဖနောင့်ချင်း ကြိတ်ချေပွတ်တာကို ပတ်စာဖြောင့်တယ် ခေါ်တယ်။

ပတ်စာကလည်း ဆေးဝါးအကူအညီတွေ ရှိသေးတယ်။ ပတ်စာ က မာပြီး ထန်နေရင် မန်ကျည်းမှည့် ရေနဲ့ဖျော်ပြီး အဲဒီမန်ကျည်းမှည့် ရေလေး ထည့်ပြီး ဖြောင့်ပေးရတယ်။ အစေးနည်းပြီး အကြောမပြတ်ရင် ဖီးကြမ်းငှက်ပျောသီးမှည့်မှည့် ထည့်ပေးပြီး ရောရတယ်။ အစေးများပြီး နေတာတို့၊ ပတ်စာ ဗွက်ပေါက်တာတို့ကျတော့ ဆီနည်းနည်းထည့်ပြီး ဖြောင့်ပေးရတယ်။ အဲဒီ ပတ်စာဟာ မြန်မာတူရိယာရဲ့ အသုံးချပစ္စည်း တစ်ခုဖြစ်ပြီး သူ့ကို တကယ်သုံးကြတဲ့အခါကျတော့ နားက သုံးရတယ်။ ဒါဟာ အခက်ဆုံးပဲ။ ပတ်လုံးတွေကို ပတ်စာကပ်တော့မယ်ဆိုရင် ပထမ ပတ်လုံးရဲ့ မျက်နှာပြင်ကို ရေနဲ့သပ်ပေးရမယ်။ ပြီးမှ ပတ်စာကပ်ရတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

သံမှန်လုံးကို ပတ်စာကပ်မယ်ဆိုရင် ဘယ်နှကျပ်သား ကပ်မယ်လို့ အလေးချိန်တွက်လို့ မရဘူး။ သူ့ကို နားထောင်တဲ့ အတတ်ပညာနဲ့ အသံကိုက်၊ မကိုက် ဆုံးဖြတ်ပြီး ပေးတယ်။ ပတ်စာကပ်တာကို နားက ကြားတယ်။ ကြားတဲ့ နားက အသံကိုက်၊ မကိုက် သိတယ်။ ပညာ အမှတ်အသားနဲ့ သိတာ။ အဲဒါ နားတတ်တယ်လို့ ခေါ်တယ်။ နားလည်တယ်။ တချို့က နားကိုမလည်ဘူး။ ဒါကြောင့် ပတ်လုံးပေါ်မှာ ပတ်စာကပ်ပြီး တီးနေတဲ့ ဆိုင်းဆရာတွေတောင် အဲဒီ အသံကိုက်ဖို့၊ ညီဖို့ အတော်ကြိုးစားကြရတယ်။ အဲဒါက ပတ်စာအကြောင်း ပုံကြမ်းပါ။ ရေစာ ဆိုတာကတော့ ပတ်လုံးပေါ် ကပ်ထားတဲ့ ပတ်စာက မငြိမ်ဘူး။ အသံတွေ ယွင်းတယ်။ ဆိုင်းတီးနေတုန်း လေကလေးတိုက်ရင်ပဲ ပတ်စာက ကိုက်တယ်။ ပတ်စာကိုက်ရင် ရေလှည့်ပေးရတယ်။ ရေစာ ဆိုတာကတော့ ပတ်လုံးလေးတွေ ရေလှည့်ဖို့ ဆိုင်းဝိုင်းထဲမှာ ရေခွက်တစ်ခု အသင့်ထားပြီး ပတ်လုံးလေးတွေကို ရေစာပေးရတယ်။ ရေစာရဲ့ အဓိက အသုံးပြုရတာကတော့ ပတ်သံ ကောင်းဖို့ရယ်၊ ပတ်သံ ညီဖို့ရယ်ပဲ ဖြစ်တယ်။ ဆိုင်းတီးကြတဲ့ ပညာရှင်တွေဟာ ခေတ္တ အတီးကောင်းသူထက် ရေရှည် အတီးကောင်းသူ၊ ရေကိုင်ကောင်းသူကို ပိုပြီး လေးစားတတ်ကြတယ်။ ဆိုင်းဆရာတစ်ယောက်ဟာ ပတ်စာလည်း ကောင်းမယ်၊ ရေစာလည်း ကောင်းမယ် ဆိုရင်တော့ အဲဒီသူကို ပတ်စာရေစာ ကောင်းတယ်လို့ ပြောတတ်ကြတယ်။ ပတ်စာကောင်းတယ် ဆိုတာကတော့ သံစဉ် ၇ ပါးလုံး ဘောင်ဝင်အောင် ညီနေတာကို ပတ်စာကောင်းတယ်လို့ ခေါ်တယ်။ ရေစာကောင်းတာကတော့ ပွဲတစ်ပွဲရဲ့ တီးနေတဲ့ တစ်ဝက်ကျတဲ့ နောက်ပိုင်းမှာ ရေစာကို အသုံးပြုရလို့ ရေစာကောင်းရင်လည်း ပတ်သံတွေဟာ တရှိန်ရှိန် တက်ပြီး လွင်နေတယ်။ တီးနေတဲ့ ဆိုင်းအဖွဲ့သားတွေကိုလည်း စိတ်ဓာတ်တက်ကြွစေတယ်။ ဓာတ်နဲ့ တီးတာဖြစ်ရင်လည်း နောက်ပိုင်း ပတ်သံတွေဟာ လွင်နေတတ်တယ်။ ပတ်လုံးပေါ်က ပတ်စာက လူကပ်ထားသလို သူက အသံငြိမ်မနေဘူး။ တီးရင်း တီးရင်း အသံတွေက ယွင်းလာတတ်တယ်။ အဲဒီအခါ ပတ်စာဖြည့်တာ၊ ပိုးတာ၊ စွက်တာနဲ့ မလုံလောက်ဘူး။ ရေစာခေါ်တဲ့ ရေကလေး ဆွတ်ပေးရတယ်။ ရေလှည့်



mgyoe.com

mgyoe.com SAMPLE BOOK

ပေးရတယ်။ ရေစာကောင်းတဲ့ ပတ်တီးများ၊ ဆိုင်းဆရာများကတော့ တောင်သာ ဆိမြိတ်ခုံက ဦးစိန်ဒါန၊ မန္တလေးက ဦးစိန်ငှက်ရိုး၊ ရန်ကုန်က ရွှေတိုင်ညွန့် ဦးအေးမောင်တို့ ဖြစ်တယ်။ အခြား ဆိုင်းဆရာများကလည်း ရေစာ ကောင်းကြပါရဲ့။ ဒါပေမဲ့ အခုပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ထူးထူးခြားခြား ကောင်းတဲ့သူတွေ ဖြစ်ပါတယ်။ ဒီနေ့တော့ သိပ္ပံခေတ်မို့ တိုးတက်လာတယ်။ ပတ်စာက ရှေးတုန်းကလို ထမင်းနဲ့ ပြာနဲ့ မနယ်ရတော့ဘူး။ ကော်မှုန့်ဆိုတဲ့ပစ္စည်း ပေါ်လာတယ်။ အဲဒီကော်မှုန့်နဲ့ ရေနဲ့ ရောနယ်လိုက်တာ ပတ်စာဖြစ်သွားတာပဲ။ အရောင်အသွေးကလေး လှအောင် မိန်းကလေးများဆိုးတဲ့ နှုတ်ခမ်းနီဆိုးဆေးကို အဲဒီပတ်စာထဲမှာ နည်းနည်း ရောထည့်တယ်။ သူ့နာမည်ကတော့ နိုင်လွန်ပတ်စာပဲ။ ပလတ်စတစ်အိတ်တွေကလည်း ပေါ်လာတော့ နိုင်လွန်ပတ်စာကို ပလတ်စတစ်အိတ်ထဲ ထည့်သိမ်းလိုက်ရင် ပြီးတာပဲ။ တီးလို့ ကောင်းတယ်။ အထားခံတယ်။ ပတ်စာသားလည်း ကောင်းတယ်။ သူ ကြောက်တာ မိုးပဲ။ မိုးရွာရင်တော့ ပတ်လုံးပေါ်က နိုင်လွန်ပတ်စာဟာ ဖွက်ပေါက်ပြီး တီးမကောင်းဘူး။

■



mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်တော် ဦးဟံပ

မန္တလေးမြို့ ညောင်ပင်ဈေးနားက မေဃဂီရိ ကသည်းဝင်းထိပ်မှာ နေတဲ့ ဦးလှစိန်၊ ဒေါ်တင်ဦးတို့က ဘဘဦးဟံပကို ဆိုင်းထောင်ပေးတယ်။ အဲဒီဆိုင်းအဖွဲ့မှာ နှဲဆရာက ဇေယျာမှန် (စစ်ကိုင်း)၊ ပတ်မတီး ကိုတင်အောင် (ဆိုင်းထောင်ဆရာ ဦးလှစိန်သား)၊ ကြေးတီးပတ်တီး လက်ထောက်က ကျွန်တော်။ မောင်းတီးက မောင်ရွှေ (သရက်တပင် ရွာသား)၊ စည်တီးက ဘကြီးအေး (ဝါးရောင်းဝင်း)၊ နောက်ထ ဦးညိုစိမ့် ရသာတန်း (အဘစိန်ဗေဒါ၏နောက်ထ)၊ ဦးညိုသောင်း (ထီးရိုးဝင်း)၊ လင်းကွင်းတီး ပတ်စာထိုး ကိုစိန်ဦး (ညောင်ကွဲ)တို့ ဖြစ်တယ်။ ဆိုင်းက ထောင့်ဇော့ရုံ ဆို လူ ၉ ယောက်ပဲ ဗလာဆိုင်းမှာ ရှိတယ်။ ဒါပေမဲ့ ၉ ယောက် တီးတာ နည်းတယ်။ ၁၀ ယောက်၊ ၁၁ ယောက် များပါတယ်။ ဘဘဦးဟံပ ဆိုင်းမှာ အဆိုတော် ကိုတင်မောင် ထပ်ဖြည့်ထားလို့ ပေါင်း ၁၀ ယောက် ပါတယ်။ မန္တလေးမြို့ပေါ် လက်ခံတဲ့ ဈေးနှုန်းက တစ်ပွဲ ၁၅၀ ကျပ်။ အဲဒီတုန်းက ရွှေဈေးက တစ်ကျပ်သား ၁၇၅ ကျပ်။ အချိန်က ၁၉၅၁ ခုနှစ်၊ ၁၃၁၃ ခုနှစ်ဆီလောက်မှာပါ။ မန္တလေးမြို့မှာ အဲဒီအချိန်က ဗလာ



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်းတွေ နည်းပါတယ်။ စိန်ကျော်တင့်၊ စိန်တင်အောင်၊ ပြေအေးသော် လောက်ပဲ ရှိတာ။ ဦးဘဒင်က နတ်ဆိုင်းပါ။ စိန်တင်အောင် ကွယ်လွန် သွားတဲ့အတွက် သူ့အဖေနဲ့ အမေက ဘဘဦးဟံပကို ဆိုင်းထောင်ပေး တာပဲ။ ကျွန်တော့်အစ်ကို ဦးစိန်လှမောင်က အဲဒီအချိန်မှာ ဆိုင်းမတီး တော့တဲ့အတွက် ကျွန်တော့်ကို ဘဘ ဦးဟံပဆီ တစ်ခါတည်း အပ်ပေး လိုက်တာပါ။ အဲဒီဆိုင်းထောင်ဆရာ ဦးလှစိန် အိမ်မှာ အဘနဲ့ ကျွန် တော်နဲ့ အတူတူပေါင်းပြီး နေကြတာပဲ။ ဦးလှစိန်အိမ်က ၄ ပင်၊ ၃ ခန်း နှစ်ထပ်၊ အုတ်သမံတလင်းခင်း၊ အရှေ့ဘက်လှည့် ထရံကာ ကပ်မိုး။ ကျွန်တော်က ဦးလှစိန်သား ကိုတင်အောင်ဆိုင်းထဲမှာ မောင်းတီး လိုက် ခဲ့ဖူးတာမို့ သူတို့မိသားစုနဲ့ကတော့ ရင်းနှီးပြီးသား။ ဒါပေမဲ့ ဘဘဦးဟံပ ဆီမှာ ကျွန်တော် လိုက်လာတာက ပတ်တီးလက်ထောက်ဖြစ်ပေမဲ့ အခိက မှာ ပညာသင်ဘဝ ခံယူတာမို့ စားတော့ ဘဘဦးဟံပနဲ့ တစ်အိုးတည်း စားရတယ်။ တစ်အိုးတည်း စားသူများကတော့ ဦးဟံပ၊ ဒေါ်ကြိုင် (ဦး ဟံပ ဇနီး)၊ မအေးမြင့် (မယ်ဒဂုန်မြင့်၊ ဒေါ်ကြိုင့်ညီမ)၊ မောင်သန်းဋ္ဌေး (ဦးဟံပ၊ ဒေါ်ကြိုင် သား)၊ ဗိုလ်မ (ဦးဟံပ၊ ဒေါ်ကြိုင် သမီး)နဲ့ ကျွန် တော် ဖြစ်တယ်။

ဘဘဦးဟံပကို ကျွန်တော်က ဘဘလို့ နှစ်လုံးတည်း ခေါ်တယ်။ ဒါကြောင့် ရှေ့မှာ ဘဘလို့ ရေးသားပါမယ်။ ဒေါ်ကြိုင်ကိုတော့ မမကြိုင် လို့ ခေါ်ပါတယ်။ မမကြိုင်ဟာ ဘဘရဲ့ ဒုတိယအိမ်ထောင်ပါ။ ဘဘက ပထမအိမ်ထောင် ကွယ်လွန်ပြီးမှ မမကြိုင်နဲ့ ယူတာပါ။ အသက်ချင်း တော့ ကွာပါတယ်။ ဘဘက ခြောက်ဆယ်ကျော်၊ မမကြိုင်က သုံးဆယ် မပြည့်သေးပါဘူး။ မအေးမြင့်ကတော့ ကျွန်တော့်ထက် ၂ နှစ် ၃ နှစ် လောက် ကြီးပါတယ်။ ကျွန်တော်က မအေးမြင့်လို့ပဲ ခေါ်ပါတယ်။ မောင် သန်းဋ္ဌေးကို မောင်သန်းဋ္ဌေးလို့ခေါ်ပြီး ဗိုလ်မကိုတော့ မဗိုလ်လို့ ခေါ်ပါ တယ်။ ကျွန်တော့်ကို မဗိုလ်နဲ့ မောင်သန်းဋ္ဌေးတို့က အစ်ကိုလို့ ခေါ်ပါ တယ်။ မအေးမြင့်ကတော့ ကိုမောင်ကိုလို့ ခေါ်ပါတယ်။ မမကြိုင်က တော့ မောင်ကိုလို့ ခေါ်ပါတယ်။ ဘဘကတော့ ကျွန်တော့်ကို နာမည် မခေါ်ဘူး။ ငါ့သား၊ တစ်ခါတလေ သားရေ၊ တစ်ခါတလေ လူလေးလို့ပဲ



mgyoe.com

mgyoe.com SAMPLE BOOK

ခေါ်တယ်။ ကျွန်တော့်ကို အလွန်စိတ်ဆိုးတဲ့အခါ၊ စိတ်တိုင်းမကျတဲ့အခါ ဒီကောင်နှယ်တို့၊ ကမြင်းထီးတို့ဆိုပြီး ပြောဆိုခေါ်ဝေါ် ကြိမ်းမောင်းတတ်၊ ဆူပူတတ်ပါတယ်။

ဘဘဟာ ကျွန်တော့်ကို အလွန်ချစ်ပါတယ်။ ဘဘမှာ အရင်အိမ်ထောင်က မွေးတဲ့သား ကိုညွန့်လှိုင်ဆိုတာ ရှိတယ်။ သူက ရန်ကုန်မှာ နေတယ်။ ကျွန်တော်က နီးနီးကပ်ကပ် နေတာလည်း တစ်မျိုး။ ကျွန်တော့်အနေနဲ့ကလည်း ဘဘကို ဆရာလို၊ အဖေလို အလွန်ချစ်တယ်။ လေးစားတယ်လို့ ပြောရပါတယ်။ ဘဘရဲ့ ဝတ်ကြီးဝတ်ငယ်တွေကို မလစ်မလပ် ပြုစုတာတွေ၊ ကျွန်တော်က ဇွဲနဲ့ ဝီရိယနဲ့ ပညာကို လေးလေးစားစား သင်ယူတာတွေဟာ ဘဘက ကျွန်တော့်ကို သားတစ်ယောက်လို ချစ်စေတဲ့အကြောင်းတွေ နေမှာပါပဲ။ ဘဘဟာ အသက်ကြီးလာတော့ ပညာတွေကို အလွန်ပေးချင်ပါတယ်။ ပညာသဘောက ပေးတဲ့လူက ပေးလည်း ယူတဲ့သူက ယူနိုင်ဦးမှ ဖြစ်တာပါ။ ဘဘနဲ့ ကျွန်တော်တို့ နေတဲ့ အိမ်မှာ လျှပ်စစ်မီး မရှိဘူး။ ရေနံဆီ မှန်မီးအိမ်ပဲ ထွန်းသုံးတယ်။ အိမ်ရှေ့မှာ ညှော့ခံတဲ ဆောက်ထားတယ်။ ပွဲငှားညှော့သည်လာရင် အဲဒီမှာ စကားပြော ပွဲလက်ခံတယ်။ တန်းလျားခုံရှည် နှစ်ခု၊ စားပွဲတစ်လုံး၊ ခုတင်တစ်လုံး ရှိတယ်။ ခုတင်ပေါ်မှ ဝါးပတ္တလား ရှိတယ်။ ညပိုင်း ပတ္တလားတီးတဲ့အခါ ရေနံဆီမီးခွက်ကို ပတ္တလားရဲ့ ကြေးစည်တိုင်ထိပ်မှာ ချိတ်ပြီး တီးရတယ်။ တစ်ရက် ညတစ်ညမှာ ဘဘက ကျွန်တော့်ကို သီချင်းတွေ တက်ပေးတယ်။ ဘဘက ပတ္တလားရဲ့ ရှေ့ကထိုင်ပြီး ပါးစပ်က ပြောပေးတယ်။ ကျွန်တော်က လိုက်တီးတယ်။ ကျွန်တော်ကလည်း ဇွဲကောင်းတယ်။ ဘဘကလည်း ဝီရိယမှာ အလွန်ကောင်းတဲ့သူ ဖြစ်တယ်။ ညဦးပိုင်း ၉ နာရီလောက်က ထိုင်တီးနေကြတာ။ သီချင်းတစ်ပုဒ်ဆိုရင်း ရေနွေးကြမ်း သောက်လိုက်ရင်း၊ သီချင်းကို ကြေနေအောင် ကျွန်တော်က ပြန်တီးရင်း၊ ဘဘကလည်း ဆိုပေးရင်းနဲ့ တဖြည်းဖြည်း ညဥ့်နက်လာတယ်။ လူခြေတိတ်တော့ ပတ္တလားသံက ပိုမြည်လာတယ်။ ဘဘရဲ့ တိုးတိုး ဆိုပေးနေတဲ့ အသံကလည်း ပိုကျယ်လာတယ်။ 'ဘုန်းတေဇာ ဝေဖြာတိုးလို့ ထွဋ်ရာဇိန်' ဆိုတဲ့ ခုနစ်သံလယ်ကြိုးကို ကျွန်



mgyoe.com

mgyoe.com SAMPLE BOOK

တော် ရပြီးသားပါ။ ဒါပေမဲ့ အဲဒီ ခုနစ်သံလယ်ကြိုးကို ဘဘက ခုနစ်သံ ပြောင်းဆိုတယ်။ သုံးသံလောက် ပြောင်းပြီးတော့ ကျွန်တော် မလိုက်နိုင်တော့ဘူး။ အသံပြောင်းတွေဟာ ကြိုးခံမှာ ပြောင်းပြောင်းပြီး တီးရတာပါ။ မယုံရင်လည်း လက်တွေ့သာ တီးကြည့်ကြပါတော့။ ဒါပေမဲ့ လေ့ကျင့်ယူရင်တော့ ရပါတယ်။ ကျွန်တော် မတီးနိုင်ဘဲ အသံတွေ ပျောက် လယ်နေတာကို ဘဘက သဘောကျလို့ ရယ်၊ ကျွန်တော်က လည်း သဘောကျလို့ ကိုယ့်ဟာကိုယ် ပြန်ရယ်နဲ့ ကျွန်တော်တို့ ရယ်သံကြောင့် မမကြိုင် လန့်နိုးလာရော။ သူက နာရီကြည့်ပြီး (တိုင်ကပ်နာရီဆိုလိုပါသည်) အပြင်ထွက်လာကာ ကျွန်တော့်နား ရပ်ပြီး ...

'မင်းတို့ သားအဖ မလွန်လွန်းဘူးလား။ သုံးနာရီခွဲနေပြီ အိပ်ကြတော့'လို့ ပြောပါတယ်။ သူ ပြန်အိပ်အောင် ကျွန်တော်တို့ ခဏနားပြီး ဆက်တီးနေကြပါတယ်။ မနက် ပဲပြုတ်သည်တွေ လာတော့ ရပ်လိုက်ကြပါတယ်။ ဒါဟာ တစ်ရက် မဟုတ်ပါဘူး။ ပွဲရှိတဲ့နေ့ ပွဲတီးပြီး ပွဲမရှိတဲ့နေ့ အဲဒီလို တီးကြ ဆိုကြတာပါ။ အဲဒီလို ပြင်းပြင်းထန်ထန် သင်ယူတာ ခြောက်လလောက် ကြာပါတယ်။ နောက်ရက်တွေမှာ နည်းနည်း စောအိပ်ကြပါတယ်။ စောအိပ်တယ်ဆိုတာ ည ၁၂ နာရီ၊ ၁ ချက်။ ဘဘက ဆေးပြင်းလိပ် သောက်တယ်။ ကျွန်တော်က စီးကရက်နဲ့ သနပ်ဖက်ဆေးလိပ် သောက်တယ်။ ထမင်းစားရင် ဘဘက စားတော်ပဲကို ဆီအများကြီးထည့်၊ နှပ်ကြော်ထားတာ အလွန်ကြိုက်တယ်။ မမကြိုင်ကတော့ သားငါး ကြိုက်တယ်။ မမကြိုင်တို့ဇာတိက မြေထဲက။ ဘဘကတော့ သူ့ဇာတိဟာ မန္တလေး ဂုန္တာန်ရပ်ပါဆိုတာ ဆိုင်းပွဲထဲမှာ အလျဉ်းသင့်တဲ့အခါ ပြောလေ့ရှိပါတယ်။ ဘဘက အရပ် နည်းနည်း ပုတယ်။ နည်းနည်းလေး ဝသယောင် ရှိတယ်။ အသားအရေက နီညိုညိုပါ။ ခေါင်းက နောက်စေ့ အလုံးအဝိုင်းက တော်တော်ကြီးတယ်။ သာမန်လူတွေထက် ကြီးပါတယ်။ ညဆိုင်းပွဲတွေ တီးရင် စွပ်ကျယ်ရင်စေ့ ကြယ်သီးတပ် လက်စကနဲ့ ခေါင်းက ခေါင်းပေါင်းပါတယ်။ ခေါင်းပေါင်းက ခြင်းခံပြီး ကိုယ့်ဟာကိုယ် ပေါင်းတာပါ။ ခေါင်းပေါင်းက ပန်းနုရောင်၊ ခေါင်းပေါင်းပုံက ဂီတဝိသောဓနီကျမ်းထဲမှာ ပါတဲ့ စောင်းဆရာကြီး



mgyoe.com

mgyoe.com SAMPLE BOOK

ဒေဝဣန္ဒာ မောင်မောင်ကြီး ပုံစံမျိုးပါ။ ခေါင်းပေါင်းရဲ့ ပဝါအပိုစကို အရှည်ကြီး ချထားတယ်။ တောင်ဆုပ်လောက် ရှိပါတယ်။ ဘဘဟာ မန္တလေးမှာ ဗလာဆိုင်းတီးတော့ ဆံပင်တွင်မက မျက်ခုံးမွေးတွေပါ ဖြူနေပြီ။ ပါးရေတွေ တွန့်နေပြီ။ ဒါပေမဲ့ မန္တလေးက ဘဘကို အလွန် ချစ်တယ်။ အားပေးတယ်။ ပွဲတွေများလွန်းလို့ ဘဘရဲ့လက်တွေ ဟက်တက်ကွဲနေတယ်။ ဘယ်လက်က လက်အခြောက်။ လူတွေမှာ လက်အစိုနဲ့ လက်အခြောက် နှစ်မျိုး ရှိတယ်။ လက်အစိုသမားက လက်အဆီတွေ အမြဲတမ်း ထွက်နေတတ်တယ်။ သူ့မှာ အဲဒီလက်အဆီတွေ အမြဲတမ်း ထွက်နေလို့ အဲဒီလို ပတ်တီးမျိုး လက်မကွဲဘူး။ ဒါပေမဲ့ သူက အလွန် လက်ကျိန်းတတ်တယ်။ လက်ကျိန်းတယ်ဆိုတာ ပွဲတွေ များလာရင် လက်က ကောင်းကောင်း မတီးချင်တော့ဘူး။ ကျိန်းလွန်းလို့ နာနေတာ။ သွေးပူအောင် ပေပြီး တအား အလွန်တီးပစ်မှ လက်ကျိန်းတာ ပျောက်တယ်။ လက်အခြောက်သမားကတော့ မကျိန်းဘူး။ သူက လက်တွေ ကွဲတယ်။ လက်တွေ ကွဲလာရင် သွေးထွက်လာတာပဲ။ သွေးထွက်ရင်တော့ နာလာပြီပေါ့။ တစ်ယောက် တစ်မျိုးစီ ဆိုးတာပါပဲ။ ပေတီးမှုကို ရတာ။ ပွဲတွေများတဲ့အခါ ပွဲတွေ တစ်ပွဲနဲ့တစ်ပွဲ ကူးသွားတဲ့အခါ ကားပေါ်မှာ ထိုင်လိုက်ရင်း ဘဘက သူ့ ကွဲနေတဲ့ လက်ဝါးနှစ်ဖက်ကို ကြည့်ရင်း 'အင်း … အကြိုင်၊ အကြိုင်' လို့ ညည်းတတ်ပါတယ်။ ဘဘက သူ့ဇနီးကို အကြိုင်လို့ ခေါ်ပါတယ်။ အဲဒီတုန်းကတော့ ပတ်စာကလည်း အခုလို နိုင်လွန်ပတ်စာ ခေါ်တဲ့ဟာမျိုးကလည်း မပေါ်သေးတော့ ပြာတွေ ဘာတွေ မည်းတဲ့အခါနဲ့ ကြုံရင် အလွန်ကို ဒုက္ခပေးတာပါ။ အသံချဲ့စက်တွေကလည်း ခုလောက် မတိုးတက်သေးတော့ ပွဲတိုင်း အသံချဲ့စက် ပါတာက နည်းပါတယ်။ တကယ့်ကို အသည်းနဲ့ပေါက် ရင်းပြီး တီးရတာ။ အဲဒီလို အပင်ပန်းခံပြီး တီးလို့လည်း မြို့ရောနယ်ပါ ဆိုသလို အသက်ကြီးနေပြီ ဖြစ်တဲ့ ဘဘကို ပရိသတ်များက အားပေးလျက်ပါ။ ဘဘကို ကျွန်တော်ရဲ့ ဆရာတစ်ဦးဖြစ်သူ သီချင်းရေးဆရာ အေဝမ်းဆရာညွှာက ဆံပင်တွေ ဖြူ၊ မုတ်ဆိတ်တွေ ဖြူနေလို့ 'ကေသာဖြူ' ဆိုတဲ့ သီချင်း ရေးပေးပါတယ်။ သီချင်းထဲမှာ ပါတာက …



mgyoe.com

mgyoe.com SAMPLE BOOK

'ကေသာဖြူ၊ မျက်ခုံးဖြူ၊ ဖြူတာတွေ ဆေးမဆိုးပါ။
တပည့်များ သိစေရာ ဦးဟံပရဲ့ စံနမူနာ ... ဦးဟံပရဲ့ စံနမူနာ
နဂိုရှိမှ နဂိုဏ်းထွက်တာ။ ဆရာ့စိတ်မှာ ထင်တယ်ကွာ။
သဘာဝကိုပင် လွန်ဆန်မရပါ။ တီးနိုင်မှ လူတိုင်း ကြိုက်မည်သာ။
ကြေညာသူ ကေသာဖြူ ဦးဟံပ စံပြပါ'

အဲဒါသီချင်းထဲက အပိုဒ်တစ်ပိုဒ်ပါ။ ခြောက်ပေါက်နဲ့ တီးပါတယ်။ ဘဘ တီးတဲ့အခါမှာ ရှေးမူဟန်အတိုင်း အသံတွေကို ထားတီးပါတယ်။ ပထမပိုင်း ခြောက်ပေါက်။ ဒုတိယ ပတ်စာပိုး။ တတိယ ငါးပေါက်။ အဲဒီလို ရှေးသမားစဉ်မပျက် ရှေးရိုးအတိုင်း တီးပေမဲ့ လက်ကတော့ အလွန် ခေတ်ဆန်တဲ့၊ ခေတ်မီတဲ့ လက်မျိုးပါ။ တီးတဲ့အခါ အတွဲအဖက် လက်ယူ လက်နုတ်တွေက ရိုးအအ မဟုတ်ဘူး။ ဆိုင်းပညာရှင်များနဲ့ ဆိုင်းဝါသနာအိုးများ သူ တီးသွားတဲ့ စိမ်းရောင်စို တီးကွက်ကို တီးကြည့်ပါ။ နားထောင်ကြည့်ပါ။ ဘဘမှာ အလွန်လေးစားစရာတွေ ရှိပါတယ်။ တစ်ခါတုန်းက ကျွန်တော်နဲ့ ဆိုင်းပွဲတစ်ပွဲ သွားနားထောင်ကြပါတယ်။ သွားနားထောင်တဲ့ပွဲက နတ်ကနားပွဲပါ။ ကျွန်တော်က လိုက်သာ သွားရတယ်။ စိတ်ထဲက မကျေနပ်ဘူး။ အောင့်သက်သက်နဲ့၊ ဒါတင်မကသေးဘူး။ ဘဘက ပြောလိုက်သေးတယ်။

'ဟ ... လူလေး၊ ပညာယူရတာကွတဲ့'

ကျွန်တော်က သာပြီး မကျေနပ်လာတာပေါ့။ နတ်ကနား တီးတာက ဦးဘဒင်ဆိုင်းပါ။ ဦးဘဒင်ဟာ မန္တလေး နတ်ကနားလောကမှာတော့ အလွန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ပါ။ နတ်ကနား စိန်ဗေဒါပါ။ သူကလည်း နတ်ကနားကို အလွန်ခေတ်မီအောင် တီးတဲ့သူပါ။ ဒါပေမဲ့ ဘာပဲပြော ပြော ကျွန်တော်တို့လို ဗလာဆိုင်းသမားတွေက နတ်ကနား တီးတဲ့သူတွေကို သိပ်အထင်မကြီးချင်ကြဘူး။ နတ်ကနား တီးတဲ့လူတွေက 'မင်းတို့ ငါတို့လို တီးတတ်ရဲ့လား'လို့ ပြန်မေးတာတွေ ရှိပါတယ်။ အမှန် ဝန်ခံရရင်တော့ သူတို့က ကျွန်တော်တို့ တီးသလို တီးတတ်မယ်။ ကျွန်တော်တို့ကတော့ သူတို့တီးသလို မတီးတတ်တာ အမှန်ပါ။ ဒါပေမဲ့ ဘဘဟာ မန္တလေးမြို့တွင်မက မြန်မာတစ်နိုင်ငံလုံး ကျော်ကြားထင်ရှားတဲ့ ရွာစားကြီး



mgyoe.com

mgyoe.com 

စိန်ဗေဒါ ကွယ်လွန်တဲ့နောက် သူဟာ အကြီးကျယ်ဆုံး မြန်မာ့ဂီတ ပညာရှင်ကြီးပါ။ မြန်မာနိုင်ငံရဲ့ ထိပ်ဆုံးမှာရှိတဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဒီလောက် ပုဂ္ဂိုလ်ကြီးက နတ်ကနားတီးတဲ့ဆီ ပညာသွားယူရတယ်ဆိုတော့ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး။ ဟိုရောက်တဲ့အခါကျတော့ မှောင်ရိပ်ကျကျ နေရာလေးမှာ ကျွန်တော်တို့ ထိုင်နေကြတယ်။ ဦးဘဒင် နတ်ကနား အခေါ်အရ တစ်မင်းပြီးတစ်မင်း ပြောင်းတီးပေးနေတယ်။ အဲဒီလို ပြောင်းတီးပေးလိုက်၊ တစ်ခါတလေ ခဏနားလိုက်ကြနဲ့ တော်တော်လေး ကြာတော့ ပခန်းဦးမင်းကျော် ချော့တဲ့အလှည့် ရောက်လာတယ်။ ဦးဘဒင်က ပခန်းဒိုး တီးရာမှာ နာမည်ကြီးသူ ဖြစ်တယ်။ ဆိုင်းဝိုင်းထဲက ပတ်ရင်းကြီး ၂ လုံးကို ဒိုးပတ်ကြီး ဒိုးသံအဖြစ် တီးတာပဲ။ အဲဒီအခန်း ရောက်တော့ ဘဘက ကျွန်တော့်ကို လက်တို့တယ်။ ‘လူလေး ... ဒါကွ’ လို့လည်း ပြောတယ်။ ပခန်းဒိုးရဲ့ စည်းချိန်က ဝါးလပ်ရဲ့တစ်ဆ မြန်တယ်။ ပခန်းဒိုးကို ပတ်မချောင်က ဒူးလုံးက ဖြည့်စွက် တီးပေးတယ်။ ဦးဘဒင်ရဲ့ ခေါင်းက ဒိုးသံနဲ့အတူ လက်ဝဲဘက် စောင်းစောင်းပြီး တီးတဲ့ဟန်က အလွန်လှပါတယ်။ ဒိုးခေါ်သံလေးများကို ညာလက်က ခပ်ခပ် တီးတယ်။ ဒိုးချတဲ့ စုံအသံ ထွက်နေရာမှာ ဦးဘဒင်ရဲ့ခေါင်းက ငြိမ့်ခနဲ ငြိမ့်ခနဲ စောင်းစောင်းသွားပြီး တကယ့် သဘာဝဟန် ပါတယ်။ အားယူတီးလို့ လှုပ်ရှားသွားရတဲ့ ခေါင်းသဏ္ဌာန်က အလွန်လှနေတယ်။ ဒိုးအချက်နဲ့ ဦးဘဒင် ခေါင်းလှုပ်တာဟာ သိပ်ပြီး သဘာဝကျတယ်။ ဘဘက အဲဒီ ဒိုးချက်နဲ့ ခေါင်းလှုပ်သွားပုံကို လာပြီး နည်းယူတာ၊ ပညာယူတာပဲ။ အပြန်လမ်းကျတော့ ဘဘက ကျွန်တော့်ကို ပြောတယ်။

‘ဟော့ ... လူလေးရ၊ ငါလည်း ဒိုးတီးတတ်တာပဲ။ ဒါပေမဲ့ မတူဘူးကွ။ ဒိုးခေါ်သံနဲ့ ဒိုးကျသံနဲ့ ခေါင်းလှုပ်တာ တစ်ပြိုင်တည်းကွ။ ဒိုးခေါ်တာ၊ ကျတာ တီးတတ်တယ်။ ခေါင်းလှုပ်တာ မရသေးဘူး သားရဲ့’လို့ ပြောပါတယ်။

နောက် မကြာခင် အလှူတစ်ခုမှာ ဘိသိက်သွင်းတဲ့အခါ ၃၇ မင်း နတ်များ ပသ စားတော်တိုက်ခန်း ပါတယ်။ အဲဒီမှာ ဘဘက ပခန်းဒိုး တီးပါရော။ ခေါင်းလှုပ်တာက ပဝါစ အရှည်ကြီးနဲ့ဆိုတော့ ပဝါစအဖျားက



mgyoe.com

mgyoe.com SAMPLE BOOK

အင်္ကျီကပ်ကပ်နေတာလို့ ဘဘက ပြောပါတယ်။ ကျွန်တော့် ကြေးဝိုင်းဘက်ကနေ ကြည့်တော့ ခေါင်းလှုပ်တာပဲ မြင်ရတယ်။ ပဝါစကို မမြင်ရဘူး။ ဘာပဲဖြစ်ဖြစ် ဘဘဟာ အသက် ၆၀ ကျော်မှ သူ လိုချင်တဲ့ ပညာကို လေးလေးစားစား မှတ်ယူတာ တွေ့ရတော့ ကျွန်တော်တို့ဘဝဟာ ဘဘရဲ့ ပညာနဲ့စာလျှင် ခုမှ သဘင်ပညာ စတင်သင်ယူတဲ့ အဆင့်လောက်ပဲလို့ မှတ်ယူရတော့မှာပါ။ ဘဘဟာ ဗလာဆိုင်းမှာရှိတဲ့ သုံးတဲ့ လိုအပ်တဲ့ သရုပ်သဏ္ဍာန် တီးနည်းများကို လေးစားတာ တွေ့ရပါတယ်။ ဗလာဆိုင်းဆိုတာ ဆိုင်းဝိုင်းထဲက လက်နှစ်ဖက်သာ လှုပ်ပြီး ခန္ဓာကိုယ်က ကျောက်ရုပ်လို ထားပြီး တီးရတာမဟုတ်ဘူး။ ဒါဖြင့် လူက အလွန်ကမြင်းပြီး လှုပ်ရှား တီးရတာလည်း မဟုတ်ဘူး။ မျက်နှာသေကြီးနဲ့လည်း မတီးရဘူး။ စပ်ဖြီးဖြီးလည်း မလုပ်ရဘူး။ တစ်ခါ ကျွန်တော်တို့ မန္တလေးမှာ စာဆိုတော်ပွဲနေ့ လုပ်တယ်။ နေရာက မြို့တော်ခန်းမ ၁၊ ကျွန်တော့် ဆိုင်း တီးရတယ်။ သက်ရှိထင်ရှား စာဆိုကြီးရဲ့ အတ္ထုပ္ပတ္တိကို စာရေးဆရာများက ကပြကြမယ်။ သဘောတူပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ အတ္ထုပ္ပတ္တိ တိုက်တယ်။ ကွယ်လွန်သွားတဲ့ ဆရာကြီး ဒေါက်တာ ဦးဘသန်းတို့၊ ရွှေပြည်ဆရာကြီး ဦးဘတင်။ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာဇဝနတို့ပါ ဝိုင်းဝန်း ကြိုးပမ်းပေးကြတယ်။ အဲဒီမှာ မန္တလေး မင်းတဲ အိကင်းက အိုးစည်အဖွဲ့တစ်ဖွဲ့ ဧည့်ခံတီးတဲ့အခန်း ပါလာတယ်။ ရုပ်ရှင်ဒါရိုက်တာ ဆရာ ဦးသုခက ဘဝသံသရာ သီချင်းကို အဓိပ္ပာယ်ပြန် စကားတွေ ကြားညှပ်ပြီး ဆိုပြတယ်။

အိုးစည်တီးသူကတော့ ဦးထွန်းလှိုင်တဲ့။ ဦးထွန်းလှိုင်က ပုဆိုးတောင်ရှည် အဝါအနက်ကွက်ကြီး ဝတ်ထားတယ်။ တိုက်ပုံအင်္ကျီက ပင်နီ။ ခေါင်းပေါင်းက ပဝါစ အရှည်ကြီး ချပေါင်းထားတယ်။ ဘဘတို့လို ပုံစံမျိုး ခပ်ဆင်ဆင်ပါ။

ဦးထွန်းလှိုင်က အိုးစည်ကို ခေါင်းလှုပ်လှုပ်ပြီး တီးတယ်။ ဒါကို ဒါရိုက်တာ ဦးသုခက သိပ်သဘောကျတယ်။

'ကြည့်စမ်း၊ ကြည့်စမ်း၊ ဒီအိုးစည်ဆရာရဲ့ ခေါင်းက တယ်လှပါလား။ ဟန်လည်း ပါတယ်။ မာန်လည်း ပါတယ်။ သူ့ကို ကြည့်ပြီးတော့



mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်ဖြင့် ရုပ်ရှင်ကားတစ်ကား ရိုက်ချင်လာပြီ’ ပြောတယ်။ အိုးစည် ဆရာ ဦးထွန်းလှိုင်က ထုံဆိုတဲ့ နေရာလေးတွေမှာသာ သူ့ခေါင်း လှုပ် တယ်။ စိတ်ကူးနဲ့ မှန်းကြည့်ပါ။

ပရိုး ထုံ

ဗတန့် ထုံ

တန့်ပီးပီး ထုံ

ပီးပတ်ပီးပီး ထုံ ပရိုသတ်ကလည်း တဝေါဝေါပဲ ပွဲကျနေတာ။

ပီးပတ်ပီးပီးဘတ် ပီးပီး ထုံ

ပရိုး ထုံ

ပရိုး ထုံ

ဂီတသမားရဲ့ တီးရင်းက လှုပ်ရှားတဲ့သဏ္ဍာန်ဟာ တကယ်တော့ သဘာဝသဏ္ဍာန်ပါ။ သဘာဝကျလို့လည်း အဲဒီလို သဘာဝမျိုးတွေကို ပုံသဏ္ဍာန်တူ ပြုလုပ်ကြတာတွေ တွေ့ရပါတယ်။ ဘဘဟာ အလွန်အား ကောင်းတဲ့ ပတ်တီးဆရာတစ်ယောက် ဖြစ်ပါတယ်။ တစ်ခါတလေ ပွဲ တွေ ၂၀ ကျော် တောက်လျှောက် ထွက်နေတယ်။ ရက်နား မရှိဘူး။ လက်တွေလည်း ကွဲနေပြီ။ လူတွေက အိပ်ရေးပျက်လွန်းလို့ အလှူက ကျွေးတဲ့ ဝက်သားဟင်းလည်း စားမကောင်းဘူး။ ကြက်သားဟင်းလည်း စားမကောင်းဘူး။ အိပ်ရေးပျက်တော့ ချဉ်ရည်ဟင်းလောက်ပဲ သောက် ကောင်းတာ။ အလှူတွေတီးတာက မြို့စုံနယ်စုံ တီးရတာ။ ဒီတော့ အလှူရှင် ကြိုက်အောင် တီးနိုင်ဖို့ဆိုတာ အတော်လေး ကြိုးစား တီးရ တာပါ။ ဦးဟံပကြီးဆိုပြီး ပစ်စလက်ခတ် တီးလို့ ရတာမဟုတ်ဘူး။ ဦးဟံပဆိုပြီးသာ ကြိုးစား တီးရတာမျိုးပဲ ရှိပါတယ်။ ဘဘရဲ့ မန္တလေး မြို့ပေါ် ဈေးနှုန်း၊ အလှူတစ်ပွဲ တီးတာကို ဖော်ပြခဲ့ပါပြီ။ နယ်တွေမှာ တော့ အဲဒီဈေးနှုန်း မဟုတ်ပါဘူး။ ၅၀၀၊ ၁၀၀၀ အထိ ဆိုတာလို ရတဲ့ ပွဲတွေကလည်း မနည်းပါဘူး။ ဆိုင်းပွဲ လက်ခံတယ်ဆိုတာ ခရီးဝေးရင် ဝေးသလောက် ပိုပြီး တက်ယူတဲ့သဘောပါပဲ။ ဘဘဟာ ဆိုင်းတီး ကောင်းပေမဲ့ ပွဲလက်ခံ တဲ့နေရာမှာ မကောင်းဘူး။ အိမ်မှာ ပွဲငှားတွေ လာရင် ပွဲအတွက် ဈေးပြောရာမှာ သိပ်အဆင်မပြေဘူး။



mgyoe.com

mgyoe.com SAMPLE BOOK

ပွဲငှား 'ဆရာကြီး ကျွန်တော်တို့ ဘယ်လောက်ချီးမြှင့်ရမယ် အမိန့်ရှိပါ'

ဘဘ 'ခင်ဗျားတို့က ကားယူကားပို့ လုပ်ပေး၊ ၅၀၀ ပဲ'

ပွဲငှား 'နည်းနည်းလောက်တော့ လျှော့ပါဦး ဆရာကြီးခင်ဗျား'

ဘဘ 'ဘာလဲ မင်းတို့က မတန်ဘူး ထင်လို့လား'

ပွဲငှား (အံ့အားသင့်စွာဖြင့်) 'ခင်ဗျာ'

ဘဘ 'ကျုပ်ကို မတန်ဘူး ထင်လို့လား'

ပွဲငှား 'မဟုတ်ပါဘူး ဆရာကြီးရယ်။ ကျွန်တော်တို့ အားနဲ့ ချိန်ဆနေရလို့ပါ'

ဘဘ 'ဦးဟံပ ငှားရင်တော့ ဦးဟံပဈေး ပေးရမှာပဲ'

ပွဲငှားတွေက စကားမပြောရဲတော့ ဤတွင် စကားက ပြတ်နေတယ်။

ထိုအခါမျိုးတွင် ကျွန်တော်က ကြားဝင်၍ ပွဲငှားများအား ...

'ရောက်တဲ့အခါ လက်ဖက်ရည်လေးများ သုံးဆောင်ကြပါဦး'ဟု ပြောရပါတယ်။ ပြီးမှ တစ်ဖန် ဘဘအား 'ဘဘ ... ဦးလေးစိန်က ဘဘကို ပြောစရာလေးရှိလို့ အိမ်ထဲက စောင့်နေတယ်'ဟု ပြောလိုက်ရာ ဘဘမှာ ကျွန်တော့်အား သိပ်မကျေနပ်သော မျက်နှာဖြင့် ကြည့်၍ အိမ်ထဲသို့ ဝင်သွားပါတယ်။ ဦးလေးစိန်မှာ ဆိုင်းထောင်ဆရာ ဦးလှစိန် ဖြစ်ပါသည်။ ကျွန်တော်က ဆက်လက်၍ ပွဲငှားများအား ...

'ဒီလိုရှိပါတယ် ခင်ဗျား။ ဘဘက ဆိုင်းဈေး ပြောရာမှာ ဈေးတင်ပြီး ပိုမပြောတတ်ပါဘူး။ ပိုမပြောတော့ တုံးတိကြီး ဖြစ်နေတာပေါ့ ခင်ဗျား'

'အေး ... ဟုတ်ပါတယ် မောင်ရာ၊ တို့ကလည်း ဆရာကြီးကို အလွန် မေတ္တာထားတာပါ။ မတန်လို့ ဈေးဆစ်တာ မဟုတ်ပါဘူး'

နောက်တစ်ယောက်က ...

'နို့ ... နေပါဦး၊ မောင်ရင်လေးက ဆရာကြီး သားလား'

'ဟုတ်ကဲ့၊ သားအရင်းနဲ့ မခြားတဲ့ တပည့်သားပါ ခင်ဗျာ'

'အံမယ် ... မင်းက တယ်လာပါလား။ ကဲကဲ ... ဆိုင်းဈေး ဆက်ပြောရအောင်ကွာ'

'ဟုတ်ကဲ့၊ ဘဘပြောသွားတဲ့ ၅၀၀ ထဲက အလှူကို ၅၀ ပြန်



mgyoe.com

mgyoe.com SAMPLE BOOK

လက်ဖွဲ့ပါတယ်ခင်ဗျာ'

'ဟေ .... ကဲ ... စာချုပ်ကွာ'

ပွဲတည့်သွားပြီး စရန် ၂၀၀ ပေးသွားပါတယ်။

ပွဲငှားတွေ ပြန်သွားတော့ ဘဘက ကျွန်တော့်အား ...

'မင်း လျှော့လက်ခံလိုက်သလား'

'မလျှော့ဘူး ဘဘ၊ ကျွန်တော်တို့အားလုံး ကုသိုလ်ရအောင် အလှူကို ငွေ ၅၀ ကုသိုလ်ပါဝင်လိုက်တာပါ'

'ဟင်း ... မင်း အတော်တတ်တဲ့ကောင်'ဟု ဆိုပြီး ကျွန်တော့် ခေါင်းကို အသာပုတ်၍ ပြုံးပါတယ်။ တစ်ခါက တပို့တွဲလမှာ ဆိုင်းပွဲတွေ က များလွန်း၍ တစ်ပွဲပြီးတစ်ပွဲ ဆက်ကူး။ ဘဘမှာ ကျန်းမာရေး သိပ် မကောင်း၊ ဆေးထိုးဆေးသောက် လုပ်ရင်း ဆိုင်းပွဲတီးရင်း ရောက်ရာ ဆေးတိုက်ပြနေရတယ်။ ဒီအထဲတွင် မြန်မာဆေးများပါ ပျောက်ချင်လွန်း ပြီး ဘဘက ရောညှပ် သောက်လိုက်ပါတယ်။ မန္တလေးမြောက်ဘက် ကပိုင်ဆိုတဲ့ရွာ ရှိတယ်။ ထိုကပိုင်ရွာ အနောက်တည့်တည့်လောက် လှိုင်း ပေါက် ဆိုသောရွာမှာ တီးရတယ်။ အလှူမဏ္ဍပ်က တောင်ဘက်လှည့်၊ ဆိုင်းက အလှူမဏ္ဍပ်ရှေ့ တလင်းပြင် အနောက်ဘက် လှည့်တီးပြီး ထို အလှူမှာ ကျွန်တော်တို့ ယိုးဒယား ကရောင်းမြင်း တက်တီးနေသည့်အချိန် တွင် ဘဘက ဆေးမှားသောက်ထားတဲ့ ဒဏ်ကြောင့် ဆိုင်းဝိုင်းထဲ ပတ်စာ ကပ်ခါစတွင် နှာရည်တွေ တရွှဲရွှဲကျနေတာ၊ နောက်ပတ်စာကပ်ပြီး တစ်ပုဒ် နှစ်ပုဒ် တီးခါစရှိသေး မျက်လုံးနဲ့ မျက်ခွံများ၊ မျက်ပျဉ်းများ ကျလာပြီး မျက်စိနှစ်ခုလုံး ဖုံးသွားပါတယ်။ ကျွန်တော်တို့တွင်မကဘ ပရိသတ်ပါ အံ့အားသင့်ကြ၊ အံ့သြကြပြီး ဘဘ ဆက်မတီးနိုင်တော့။ မျက်ခွံများကို လက်နှင့် မပြီး ကြည့်တော့ မျက်လုံးများက အကောင်း၊ ဒါပေမဲ့ မျက်ခွံများ တွဲကျပြီး ဖုံးကာ မျက်လုံးကို အုပ်နေတယ်။ ဘဘကို ညတွင်းချင်း လှည်းနဲ့ မန္တလေးကို ပြန်ပို့ပြီး နောက်တစ်နေ့ အလှူ မနက်ခင်း တီး၊ ဘိသိက်တီး၊ ကျွန်တော်က ဘဘကိုယ်စား တီးခဲ့ရတယ်။ အဲဒါက ကိစ္စမရှိ။

ယခုတီးနေသော လှိုင်းပေါက်ရွာအပြီး ဓိးချောင်းရွာသို့ ဆက်ကူး



mgyoe.com

mgyoe.com SAMPLE BOOK

ရမှာ ဖြစ်တယ်။ ဓိုးချောင်းပွဲမှာ ဈေးများသောပွဲဖြစ်ပြီး အကြိတ်အနယ် တီးရမည့်ပွဲ။ ငှားစဉ်တုန်းကပင် ဦးဟံပ နာမည်ကြီးလွန်း၍ မရ အရ လိုက်ငှားရတာပါဟု ပြောသွားသော ပွဲလည်း ဖြစ်တယ်။ ဘဘက ဘယ် လိုမှ မတီးနိုင်တော့။ နောက်ဆုံး လှိုင်းပေါက်အလှူ မနက်ခင်းမှာ ဆိုင်း ထောင် ဦးလှစိန်နဲ့ အဖွဲ့သား အားလုံး တိုင်ပင်ကြတယ်။ ဘာပဲဖြစ်ဖြစ် အားလုံးက ကျွန်တော် တီးတာသာလျှင် အဖွဲ့နဲ့ အုံနဲ့ ခွင်ကျအံကျ ဖြစ် မယ်။ နောက်ဆုံးမှာ ပရိသတ် ကြိုက်တာ မကြိုက်တာ ထား။ အလှူ တွင် ပွဲမပျက်ဘဲ အလှူ့ဒကာ၊ အလှူ့အမများ စိတ်ချမ်းသာမှု ရစေ နိုင်သည်ဟု ဆုံးဖြတ်ပြီး ကျွန်တော့်ပင်လျှင် သဘောတူ တီးခိုင်းကြ တယ်။ ဆိုင်းထောင်ဆရာ ဦးလှစိန်က ပရိသတ် ကျေနပ်အောင် မင်းသမီး တစ်လက် ထည့်ပေးမယ်။ သွားရှာမယ်။ မင်းသားစုထဲက ညိုညိုစိန် ရလျှင် သူ့ပဲခေါ်မယ်ဆိုကာ ကြိုတင်စီစဉ်ရန် သွားနှင့်ပါတယ်။ လှိုင်း ပေါက်က အပြန် ဆိုင်းပစ္စည်းတွေ လှည်းတင်လာရပြီး မန္တလေး မြောက် ပြင် အိုးဘိုရပ်ကွက်မှာ ဓိုးချောင်းကလာကြိုသော ကားနဲ့ လှိုင်းပေါက်က ပို့သော လှည်းဆိုင်းပစ္စည်းများ ပြောင်းတင်ပြီး ကားဆက်ထွက်လာခဲ့ကြ တယ်။ ပွဲငှားတုန်းကသူများ တစ်ယောက်မှ ပါမလာဘူး။ ကားဆရာ နှစ်ဦးသာပါလို့ အဖြေရ သက်သာနေတာပေါ့။ မင်းသားစုရောက်တော့ ညိုညိုစိန် ဝင်ခေါ်ခဲ့ကြတယ်။ ဆိုင်းထောင်ဆရာ ဦးလှစိန်က ရှေးဆိုင်း ဆရာတစ်ဦးဖြစ်ပြီး ဘဘက သူ့ကို ဆိုင်းဆရာလို့ပဲ ခေါ်တယ်။ ယခုမှာ ကျွန်တော်က ဘဘကိုယ်စား တီးရမယ်။ ဦးလေးစိန်က ကျွန်တော့်နေရာ က ကြေးနောင် တီးမယ်။ ခါတိုင်းပွဲတွေမှာ ဦးလေးစိန်က သတ်သတ် မှတ်မှတ် တစ်ခုတည်း တီးတာ မဟုတ်ဘူး။ လိုတဲ့နေရာမှာ ဖြည့်စွက်တီး သွားခြင်းသာ ဖြစ်တယ်။ အခိကမှာတော့ လူတွေ ငွေသုံးပေးတဲ့ နေရာမှာ သူက ချုပ်ကိုင်ထားပြီး ငွေကို ကျွန်တော် ကိုင်ရတယ်။ ဘယ်သူ့ ဘယ်လောက် ပေးလိုက်ပါဆို ကျွန်တော်က လွယ်အိတ်ထဲက ထုတ်ပေးပြီး စာရင်းမှတ်ရတာမျိုးပါ။ တစ်ခါတလေ ဆိုင်းအဖွဲ့သားတွေက ကျွန် တော့်ကို ပိုက်ဆံ ချော့တောင်းတာမျိုးလည်း ရှိတယ်။ ကျွန်တော်က ငွေကိုင်ဆိုပြီး အိမ်ပြန်ခါနီးကျရင် ကျွန်တော့်ဆီ ဝိုင်းဝိုင်းနေကြတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဦးလေးစိန် သိအောင် တစ်မျိုး၊ မသိအောင် တစ်မျိုး ပေးရတာလည်း ပါတယ်။ ဦးလေးစိန်က အမြော်အမြင် ရှိပါတယ်။ အမြော်အမြင်ရှိလို့ လည်း ဘဘဦးဟံပလို ပုဂ္ဂိုလ်အား ဆိုင်းထောင်ပေးထားခြင်း ဖြစ်သည် မဟုတ်ပါလား။ ယခုလည်း ကျွန်တော်တို့နဲ့ နည်းအမျိုးမျိုး တိုင်ပင်ပြီး ဖြစ်ပါတယ်။

၁။ အလှူတွင် ပွဲမပျက်ရေး အဓိကထား သွားရောက်တီးကြရန်။

၂။ အလှူရှင်နှင့် ပရိသတ်များ ကျေနပ်အောင် ပြော၍ မင်းသမီး အပို ထည့်ပေးရန်။

၃။ မကျေနပ်ပါက ပေးထားသော စရန်နှင့်ပဲ ပြန်လာကြရန်။

၄။ သို့ထက် မပြေလည်ပါက ပွဲကို အစအဆုံး တာဝန်ကျေအောင် တီးပြီး ပေးထားသော စရန်ငွေပါ ပြန်ပေးခဲ့ကြရန်။

သည့်ထက်တော့ လိုက်လျောစရာ မရှိတော့။ အလှူ ရောက် ကတည်းက ဦးဟံပကြီး ဘယ်ဟာလဲ လာမေးကြတယ်။ ဆိုင်းနောက်ထ ဦးညိုစိမ့်က နောက်တောက်တောက် 'ဟိုဟာ ဦးဟံပ'လို့ စည်တီးထဲက ဘကြီးအေးကို လက်ညှိုးထိုးပြီး ပြလိုက်ပါတယ်။ ထိုအချိန်က စပြီး အလှူမဏ္ဍပ်ထဲမှာ ဘကြီးအေးက ဦးဟံပ ဖြစ်သွားပါတော့တယ်။ ဘကြီး အေး ဦးဟံပကို လာကြည့်သူတွေက မနည်း။ ဆရာကြီး ညကျ ကြိုးစား တီးပေးပါလို့ ပြောလာသူတွေလည်း မရှား။ ပါလာတဲ့ မင်းသမီးကို မင်းသမီးလို့ မသိစေဘဲ အသာ ခပ်မဆိတ် နေကြရတာပေါ့။ ပတ်မ ချီပြီးပြီ။ ယိုးဒယားတီးရန် လိုတော့တယ်။ ဦးဟံပ အယောင်ဆောင် ဘကြီးအေး ရှေ့တွင် လက်ဖက်ပွဲ သုံးပွဲ၊ လက်ဖက်ရည်ပွဲများနဲ့ ပြည့်နေ ပြီး သူကလည်း ဂိုက်ဟန်ပါပါ။ ကျွန်တော်တို့ကို လှမ်းလှမ်းဟောက်သေး တယ်။ 'အေးအေး၊ ကောင်းကောင်း တီးကြ၊ ကောင်းကောင်း တီးကြ' သူ့နား ထိုင်နေကြတဲ့ ဧည့်သည်တွေရှေ့က လှမ်းပြောလိုက်ရာ နောက် က ဦးညိုသောင်းက တိုးတိုးလေး မကြားအောင် 'ဖိုးအေးတော့ နေနှင့်ဦး' လို့ ပြန်ပြောသံ ကြားလိုက်ရတယ်။ ယိုးဒယားတီးရာမှာ ကျွန်တော်က ကြေးတီး၊ ဦးလေးစိန်က စည်းတီး ဆိုင်းတစ်ဆိုင်းကို ပထမစ၍ အရှိန် ယူရတာက ယိုးဒယား ကရောင်းမြင်းတက်များ တီးခြင်း ဖြစ်တယ်။ ဒီ



mgyoe.com

mgyoe.com SAMPLE BOOK

အတီးများမှာ ဆိုင်းကို တစ်ဝက်လောက် ကြိုက်သွားနိုင်တယ်။ ညှံ့လျှင်လည်း အရင်ကြိုက်ဖူးထားပါက ကြိုက်ထားတာများပင် လျော့သွားနိုင်တယ်။ ယိုးဒယားကို ရွှေပုံငွေပုံပေါ်က လေပြည်ဆော်သွင်းမြူး၊ မှိုင်းမှုန်ပြာညိုများ ထည့်တီးလိုက်တယ်။ ယိုးဒယားတီးပြီးတော့ ဆိုင်းဝိုင်းထဲ ကျွန်တော် ပတ်စာကပ်နေရပြီ။ စည်းတီး ဘကြီးအေးက ရာထူးပြုတ်ပြီး၊ ဦးဟံပ မဟုတ်တော့။ ဆိုင်းဝိုင်းထဲမှာ ပတ်စာကပ်နေရသော ကျွန်တော်က ဦးဟံပ ဖြစ်နေရပြီ။ ဒါပေမဲ့ ပရိသတ်က မသိသေး။ နဲ့ကြီးဆရာ ဖေယျာမှန်က နဲ့ကြီး၊ နဲ့လေး အမျိုးမျိုး စမ်းပြနေတယ်။ ခါတိုင်းပွဲတွေ ထက် သူက ပိုကောင်းနေပြီး ပရိသတ်က ဖေယျာမှန်ဆီသာ အာရုံရောက်နေကြတယ်။ ကျွန်တော်က ပတ်စာကို ဘဘ တီးသလို သံရိုးခြောက်ပေါက်ပဲ တပ်နေရသော်လည်း ရင်ထဲမှာ လှုပ်လှုပ်၊ ပရိသတ်ကလည်း မဏ္ဍာပ်မဆံ့၊ မဏ္ဍာပ်က ပန်းဆွဲတွေပါ ဖြုတ်၊ တိုင်ဖုံးတွေပါ ဖြုတ်၊ ပရိသတ်က စည်၊ ကျွန်တော်က စိတ်လေး၊ ရင်မော။ နဲ့ကြီးဆရာ ဖေယျာမှန် ပြီးတော့ ပရိသတ်က ငြိမ်သွားတယ်။ ဆိုင်းဝိုင်းဆီ အာရုံရောက်လာကြပြီ။ ကျွန်တော့်မှာ ဆိုင်းဝိုင်းထဲက ပတ်လုံးလေးတွေ မစမ်းရဲ၊ အသံဆိုလို့ ဘာမှ မကြားရ။ ငြိမ်နေကြတယ်။ ကျွန်တော့်ရင်တွေ ခုန်နေပြီ။ ဇောချွေးတွေလည်း ပြန်နေတယ်။ နဲ့ကြီးဆရာ ဖေယျာမှန်က လက်က နဲ့ကို ကိုင်ရင်း မှုတ်ရန် အသင့်ပြင်ထားတယ်။ နောက် ဦးညိုစိမ့်နဲ့ ဦးညိုသောင်းတို့က လည်း ဝါးများကိုင်ထားပြီး ဦးလေးစိန်ကလည်း ကြေးလက်ခပ် ကိုင်ပြီ၊ မောင်းတီးသူငယ်ချင်း မောင်ရွှေကလည်း မောင်းလက်ခပ်များကို တီးရန် အသင့် ကိုင်ထားနေကြတယ်။ ဆိုင်းဝိုင်းထဲမှာ ပတ်စာစုံနေပြီ။ တကယ်တော့ ကျွန်တော်လည်း တီးရန် အသင့်။ ပညာရဲမှ ပွဲလယ်တင့်မည်။ အားတွေစုပြီး ဆိုင်းအထ တီးလုံး ဘဘ တီးသွားတဲ့အတိုင်း ကျွန်တော် တီးချလိုက်တယ်။ ဆိုင်းတစ်ဖွဲ့လုံးက အံ့က ကောင်းပြီးသား။ တီးလုံးကလည်း ကြေချင်တိုင်းကြေ၊ နာချင်တိုင်း နာအောင် တီးထားရတဲ့ တီးလုံးတွေ၊ ပရိသတ်ကို ကျွန်တော် ကောင်းကောင်း မကြည့်ရဲဘူး။ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တီးတယ်။ ပထမသုံးပုဒ် ပြီးတော့ ပရိသတ်ကို လှည့်ကြည့်လိုက်တယ်။ ပရိသတ်များရဲ့ မျက်နှာက ပြုံးနေတယ်။ ကြည်လင်နေတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အသံတစ်သံ လှမ်းကြားရတယ်။

'ဦးဟံပကြီး မတီးခင် သူ့သားလေး တီးတာ နေမှာပေါ့'

ဘဘ တီးနေကျအတိုင်း ကျွန်တော် ဆက်တီးနေတယ်။ ကျွန်တော် တီးတာ ကောင်းတယ် ဆိုတာထက် ဘဘရဲ့ တီးလုံးခွင်များက ကောင်းတယ်လို့ ဆိုရမှာပါ။ ခွင်ဆိုတာ တီးလုံးချည်းမဟုတ်။ နောက်ထတွေ ရယ်စရာတွေ ပြက်လုံးတွေ၊ တစ်ခုနဲ့တစ်ခု ကွင်းဆက်ပဲ။ နာရီဝက်လောက် ကျွန်တော်တီးပြီး ဦးညိုသောင်းက ပရိသတ်ကြီးကို ကြေညာလိုက်တယ်။

'ပရိသတ်ကြီးခင်ဗျား၊ ဆရာကြီး ဦးဟံပဟာ ဗမာဆေးနဲ့ အင်္ဂလိပ်ဆေး ရောသောက်တာ ဒီနေ့ ဆေးရုံတင်ထားခဲ့ရပါတယ်'

ဟယ် ... ဟာ ... ဟင် ... ပရိသတ်ကြီးက တဝေါဝေါ တသိမ့်သိမ့် လှုပ်လှုပ်သွားလိုက်တာ သဲသဲ သဲသဲ သိမ့်သိမ့် သိမ့်သိမ့်။ ပြောနေတဲ့ ဦးညိုသောင်းလည်း ရပ်သွားရတယ်။ ပြောရရင်တော့ ဒီနေရာဟာ အဆုံးအဖြတ်ပဲ။ ပရိသတ်ကြီး ပြန်သွားရင်တော့ ပြီးပြီ။ ရှေ့ဆက် တီးမနေနဲ့တော့။ မပြန်ရင်တော့ ကိုယ်က နိုင်တယ်လို့ ဆိုရမှာပေါ့။ ငါးမိနစ်လောက် နားပြီးတော့ ဦးညိုသောင်းက ဆက်ပြောတယ်။

'အလှူ့ဒကာ၊ အလှူ့အမနဲ့ ပရိသတ်များခင်ဗျား၊ ကျွန်တော်တို့ဟာ အလှူပွဲပျက်မခံနိုင်လို့ ဆရာကြီး မပါပေမဲ့ လာတီးကြတာ ဖြစ်ပါတယ်။ ဆက်ဆက်ပြီး နားဆင်တော်မူကြပါ ခင်ဗျား'

ပရိသတ်က ငြိမ်သွားတယ်။ ဘဘတီးတဲ့ မုန့်လုံးစက္ကူကပ်ကို ကျွန်တော် တီးလိုက်တယ်။ အဲဒီတီးလုံးလည်း ပြီးရော အလှူ့ဒကာ ဦးလေးတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို ငွေ ၂၅ ကျပ် ဆုချတယ်။ ဆုချခံရတယ်ဆိုတာ ငွေရတာထက် ပရိသတ်ရဲ့ အားပေးမှုကို ပိုပြီး ကျေနပ်ရတဲ့ သဘောပဲ။ ကျွန်တော်ဟာ တီးရင်း ဘဘကို မျက်စိထဲက မြင်လာတယ်။ ဘဘရဲ့ တီးလုံး တစ်ပုဒ်ကို ကျွန်တော် တီးတယ်။ ဒါကို နောက်က ဦးညိုစိမ့်နဲ့ ဦးညိုသောင်းက လိုက်ဆိုကြတယ်။ သီချင်းက

(အဟုတ်ကောင်းလို့ ကျော်သမောင့်၊ တကယ်ကောင်းလို့ ကျော်သမောင် ဆိုင်းအတတ်ပညာ သီချင်းဂီတအရောင်)၊ ဆန်းတာ ကွန့်တာ



mgyoe.com

mgyoe.com SAMPLE BOOK

ညွန့်တာ ဆိုတာ မလိုရပေါင်၊ နယ်တလွှား တကယ်ရှား လက်သွားယဉ်တဲ့ မောင်)၂ ကြိုးဘွဲ့သီချင်းခံ အဲ အန်မျိုးနဲ့ (သင်ရိုးကိုကြေတဲ့ ဟန်မောင်)၂ တိုင်းပြည်ဘောင် တန်ခိုးအရောင် မညှိုးပေါင် ခေတ်အလိုက်မို့ ကြံဆောင်တေးသွားက တကယ့်ကို ယဉ်လို့ဆောင် ထံတျာ သံစုံနှောလို့ အဆိုရော၊ အတီးရော နိပ်တယ်မောင်၊ (ရွှေနားထောင်)၂ ယဉ်တယ်မောင် ပတ်ပတ်ကလိုး ပေလိုး ပေဘောင်'

ပရိသတ်က သိပ်သဘောကျပြီး တဝေါဝေါနဲ့ သူတို့နှစ်ယောက်ကလည်း တကယ် ထိန်းထားနိုင်ပါတယ်။ ဆုချင္ငေ ဆက်ဆက်ရတယ်။ ၁၁ နာရီထိုးပြီးတော့ ညိုညိုစိန်ကို ထွက်ခိုင်းလိုက်ကြတယ်။ ဦးညိုစိမ့်နဲ့ ဦးညိုသောင်းဟာ ဆိုင်းရှေ့ထွက်ပြီး ညိုညိုစိန်နဲ့ တဝေါဝေါပဲ။ ပွဲကအရှိန်ရနေပြီ။ ညပွဲသိမ်းတော့ တစ်ချက်မတ်တင်း၊ ဆိုင်းသိမ်းပြီးတော့ ဘဘရဲ့ အကျိုးအကြောင်း အလှူ့ဒကာနဲ့ ပွဲငှားတဲ့ ပုဂ္ဂိုလ်တွေက လာမေးနေကြတယ်။ ဆိုင်းအဖွဲ့ဝင်များ အားလုံးလိုလိုက ကျွန်တော် တီးတာအတီး လောဘကြီးလွန်းတယ်လို့ ပြောကြတယ်။ ကျွန်တော်က ဘဘလိုတစ်ပုဒ်ပြီးတစ်ပုဒ် သိပ်မနားရဲတော့ ဆက်ဆက် တီးလာတာတွေကြောင့် ဆိုင်းတစ်ဖွဲ့လုံးလည်း ခါတိုင်းပွဲထက် မော။ ကျွန်တော်လည်း မောတာတီးပြီးမှ သိရတော့တာပဲ။

■



mgyoe.com

mgyoe.com SAMPLE BOOK

# အငြိမ့်

မန္တလေးအငြိမ့်တွေမှာ ယခင်က လူအများကြီး မပါပါဘူး။ အတီးဘက်က ကြေးနောင် တစ်ယောက်၊ ပတ္တလား တစ်ယောက်၊ နှဲ တစ်ယောက်၊ ဒိုးတီး တစ်ယောက်၊ အစုံတီး တစ်ယောက်၊ ပေါင်း ငါးယောက်၊ လူရွှင်တော်က အတွဲညီတဲ့ လူနှစ်ယောက်၊ လက်ထောက် တစ်ယောက်၊ ပေါင်း သုံးယောက်၊ မင်းသမီးက ရှေ့ထွက် တစ်ယောက်၊ အလယ်ထွက် တစ်ယောက်၊ ခေါင်းဆောင် တစ်ယောက်၊ ပေါင်း သုံးယောက်၊ ထမ်းဆင့် တစ်ယောက်၊ ထမ်းဆင့်ဆိုတာ အငြိမ့်ပစ္စည်းတွေ လှည်းပေါ် ထမ်းတင်ရတယ်။ ပွဲရှိရင် အဖွဲ့သားတွေဆီ အငြိမ့်ဆရာက ပွဲအဆင့်ခိုင်းတယ်။ ဆင့်တယ်ဆိုတာ ဘယ်နေ့ ပွဲရှိတယ်လို့ အပြောလွှတ်လိုက်တာ။ ပွဲဆင့်တာပဲ။ အဲဒီလူကို ထမ်းဆင့် ခေါ်တယ်။ စုစုပေါင်းမှ ဆယ့်နှစ်ယောက်ပဲ ပါတယ်။ ဇာတ်ပွဲမဟုတ်တော့ ကားလိပ်ကလည်း များများ မပါဘူး။ နဖူးစည်း ပုဏ္ဏားကွယ်နဲ့ တောကား၊ တောင်ကား၊ နှစ်ချပ်လောက်ပဲ ပါတယ်။ မိုးအလင်း မကပါဘူး။ ညနာရီပြန် တစ်ချက်လောက် သိမ်းတာပဲ။ အသံချဲ့စက် မပါသေးပါဘူး။ အောက်လင်းဓာတ်မီး သုံးလုံး



mgyoe.com

mgyoe.com
SAMPLE BOOK

ထွန်းပေးထားတယ်။ ခွာတ်မီးထွန်းငွားရတာ တစ်လုံးသုံးကျပ်၊ မီးဆရာနေတာက ပေါ်က္ကရိုရုပ်ထဲမှာ၊ သူ့နာမည်က မီးလင်းတာနဲ့ ခပ်လိုက်လိုက်ပဲ။ ဦးစိန်ပြောင်တဲ့။ ခေါင်းတုံးဆံတောက်နဲ့ ဂင်တိုတို၊ သဘောအလွန်ကောင်းတယ်။ ပရိသတ်က အငြိမ့်ခုံပေါ် လှမ်းကြည့်လိုက်ရင်နောက်ပိုင်း သုံးပုံတစ်ပုံနေရာ တီးဝိုင်းက နေရာယူထားပြီး ဝါးပတ္တလားကအလယ်က၊ သူ့ဘယ်ဘက်က ဒိုးချောင်၊ ညာဘက်က ကြေးနောင်၊ နှဲ၊ ပတ္တလားဆရာက သူ့အတွင်းဘက်မှာ။ မောင်းဆိုင်းတီးတဲ့ လူက နှဲဘက်ကို မျက်နှာမူချထားတယ်။ မောင်းဆိုင်းက နှစ်ပေါက် အကြီးမှသုံးပေါက် အသေးအထိ ခုနစ်လုံး။ နောက်တစ်တွဲက နှစ်ပေါက် အသေးမှခုနစ်ပေါက် အသေးထိ သုံးလုံး ပေါင်းဆယ်လုံး။ ဒိုးတီးတဲ့လူက စခွန့်ခေါ်တဲ့ဒိုးကို ကဖို့ အဆစ် အဓိကထား တီးပေးတာပါပဲ။ ဒိုးနဲ့တွဲတီးတဲ့ပတ်လုံးတွေက ဆယ့်နှစ်လုံး။ ဒါကြောင့် သူ့ကို ဆယ့်နှစ်လုံး ဒိုးလို့ခေါ်တာ။ အကြီးဆုံးဖြစ်တဲ့ ဒုံးကဲကြီးက စပြီး တစ်ဆစ် ဘယ်တျောဒူးလုံးတေးလက်ခေါ် တျာလက်ခေါ် ပတ်စာတပ်။ ငါးပေါက်၊ လေးပေါက်၊ သုံးပေါက်၊ နှစ်ပေါက်၊ သံမှန်လုံး အဲဒီ ဆယ့်နှစ်လုံး။ သူကအပီ သိပ်တီးတတ်တာ မဟုတ်ဘူး။ အပီဆိုတာ တေးသွားသံစဉ်တွေတီးနိုင်တာ ပြောတာ။ အပီ မတီးနိုင်ဘူးဆိုပြီး သူ့ကို သွားအထင်မသေးနဲ့။

တီးလုံး၊ တီးကွက်တွေရဲ့ အဆစ်တွေ၊ အပိုင်းအဖြတ်တွေ၊ အဖြည့်အစွက်တွေ ဆို့ပေးတာ၊ ပို့ပေးတာ၊ သူက ဦးဆောင်တဲ့လူ။ သီချင်းဘယ်လောက်ကောင်းကောင်း၊ တီးတဲ့အဆစ် ကောင်းမှ မင်းသမီးကကကောင်းတာ။ အက ကောင်းဖို့တွက် တီးတဲ့ အဆစ်ကလေးတွေ ကောင်းဖို့က အဓိက ဖြစ်ပါတယ်။ တစ်ခါတလေ တော်တော်လေး မာနကြီးတဲ့မင်းသမီးလေးတွေ တွေ့ရတယ်။ အက ကလည်း ကောင်း၊ အဆိုလည်းကောင်း၊ ပင်ကိုအသံကလည်း ကောင်း၊ ရုပ်ရည်ကလည်း ချောပြန် ဆိုတော့ ဒီမင်းသမီးဟာ မာနမကြီးဘဲ နေပါတော့မလား။ မာနကြီးတာကကိစ္စမရှိဘူး။ အဲဒီမာနကြောင့် အငြိမ့်အဖွဲ့အတွင်းမှာ တစ်ခါတလေအခက်အခဲများ ဖြစ်လာတယ်။ ဒီအခက်အခဲမျိုးကို ဖြေရှင်းပေးသူကတော့ ဒိုးတီးဆရာပါပဲ။ မင်းသမီးက အလွန် ကကောင်းတဲ့ အချိန်မျိုးမှာ



mgyoe.com

'ဗတတ် ဗတတ် ဖြေးဖြေး' ဆိုတဲ့ အဆစ်မျိုးတီးရင် အဲဒီ မင်းသမီး ထိုင်ငိုဖို့သာ ပြင်တော့။ ဒီအဆစ်ကို ကရင် ကကွက်ကတော့ ဗတတ် ဗတတ် ဆိုတဲ့အချိန်မှာ မင်းသမီးဟာ တင်ပါးကလေး လှုပ်ပြီး ဖြေး ဖြေး ဆိုတဲ့ အချိန်ဟာ ဘယ်ဘက်ကို တင်ပါး နှစ်ချက်ထိုး ကရပြီး နောက် တစ်ခါကျတော့ တင်ပါးကို ညာဘက်လှုပ်ထိုး ကရတဲ့ ကကွက်ဆိုတော့ ဒီတီးချက် အဆစ်မျိုး သူတို့ အလွန်ကြောက်တာပေါ့။ ဒိုးတီးဆရာနဲ့ တွဲတီးရတဲ့ အစုံတီးခေါ် အုပ်စုံတီး တီးသူ ဘယ်ဘက်မှာ ဘင်ကြီးတစ်လုံး ပါတယ်။ အဲဒီဘင်မှာ အငြိမ့်နာမည်၊ အငြိမ့် ခေါင်းဆောင်မင်းသမီး နာမည် ရေးထားတယ်။ အပေါ်မှာ တစ်တောင်လောက်ရှိတဲ့ ပဋ္ဋရုပ အရုပ် ကလေး ကန့်လန့်မိုး ချိတ်ထားပြီး သူ့အောက်မှာ သံမှန်မောင်းတစ်လုံး၊ သံမှန်မောင်း အောက်မှာ ငါးပေါက်မောင်းတစ်လုံး ပဒေသာပင်လေးလို တွဲလဲချိတ်ထားတယ်။ အုပ်စုံဆိုတဲ့အတိုင်း သူ့ရှေ့တည့်တည့်မှာ ဝါးတီးဖို့ ဖျောက်တုံး၊ ဖျောက်တုံး နံဘေးပေါ်မှာ သံနဲ့ကပ်ရိုက်ထားတဲ့ သံလွင် စည်း၊ သူတို့ရှေ့မှာ စည်တိုတစ်လုံး၊ ပလုပ်တစ်လုံး၊ ညာဘက်ဘေးမှာ လင်းကွင်းကြီး၊ လင်းကွင်းလေး တစ်စုံစီ၊ လင်းကွင်းတွေ တစ်ဖက်စီကို အောက်ခံခုံ ရိုက်ထားတယ်။ ဆိုင်းဝိုင်းထဲမှာကျတော့ လင်းကွင်းကြီးကို ခုံမရိုက်ဘူး။ လက်နှစ်ဖက်နဲ့ ယူတီးရတယ်။ ဒီမှာတော့ လက်တစ်ဖက် နဲ့ပဲ တီးရတယ်။ ကျန်လက်တစ်ဖက်က အခြား တူရိယာ တစ်မျိုးမျိုးကို တီးခတ်နေရလို့ပဲ။ ဘင်တီးဖို့ ဘင်လက်ခတ်ကို သူ့ပေါင်ပေါ် တင်ထား တယ်။ အငြိမ့်က စည်တော်ရှမ်းရင် ကျွန်တော်တို့လို ဆိုင်းသမားပေါက်စ တွေက တယ်ရယ်တာပဲ။ ဘယ် မရယ်ဘဲ မဟားဘဲ နေပါ့မလဲ။ ကြည့်လေ၊ စည်တော်ရှမ်းတယ်၊ စည်တော်သံဆိုတာ ပြောင်ပြောင် ... ဝပြောင် ... ဗပြောင်ထီ၊ ဗပြောင်း ... ပြီးရင် ထီဆိုတဲ့ ပတ်မသံ လာတော့တာပဲ။ ပတ်မသံက စည်တော်ရှမ်းတာနဲ့ အလိုက်ဆုံးလို့ ထင်တယ်။ ခုတော့ အငြိမ့်က စည်တော်ရှမ်းရင် ပြောင်ပြောင် ... ဗပြောင် ဒိုင်းပြောင်ပြောင် ... ဗပြောင် ... ဒိုင်း ... ထီ ဆိုတဲ့ ပတ်မသံအစား ဘင်သံက ဒိုင်းဒိုင်းနဲ့ ဝင်လာတော့ ရယ်မိတာပေါ့။ သူတို့မှာ ပတ်မအစား ဘင်ကို တီးတော့ အဲဒီအသံပဲ ထွက်တော့တာပေါ့။



mgyoe.com